# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၃၃၁)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှုများအပေါ် တရုတ်နိုင်ငံ၏ထောက်ခံအားပေးမှုနှင့် သံတမန်ရေးရာအရ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တီယန်ကျင်းမြို့ရှိ တီယန်ကျင်းဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻


**ယနေ့ ဖတ် စ ရာ**

ပြင်ဆင်သတ်မှတ်သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ်များ — ပြည်တွင်းသတင်း စာ ၄

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဗိုရမ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနားကျင်းပ — ပြည်တွင်းသတင်း စာ ၅

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ **မြန်မာနိုင်ငံသည် SCO အဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး ဖက်ဆစ်တော်လှန်ရေးတွင်လည်း ပါဝင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ တရုတ်နှင့်မြန်မာသည် ခိုင်မာသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်ရေးကို အမြဲထောက်ခံ ရပ်တည်အားပေးလျက်ရှိ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping

◆ **ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးညီလာခံသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့် အလေးထားရသောညီလာခံဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလတွင် SCO ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာပြီး အစည်းအဝေးများ စတင်တက်ရောက်ခဲ့ကြောင်း၊ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံပေးစေလိုကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးမှုမှသည် နှစ်နိုင်ငံအကြား ကောင်းမွန်သည့်ဆက်ဆံရေးကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

** ရှေ့ဖုံးမှ*

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား တရုတ်ပြည်သူ့သမ္မတ နိုင်ငံသမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာ ဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အမြဲထောက်ခံရပ်တည်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က ယခုကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်အသိအမှတ်ပြုသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် SCO အဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး ဖက်ဆစ်တော်လှန်ရေးတွင်လည်း ပါဝင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ တရုတ်နှင့် မြန်မာသည် ခိုင်မာသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်ရေးကို အမြဲထောက်ခံရပ်တည်အားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ဆောက်မှုများကိုလည်း ထောက်ခံပြီး မြန်မာပြည်သူလူထုဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံအေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ရေးကို ခိုင်မာစွာရပ်တည်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ် အတိုင်း ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### နှစ်နိုင်ငံဆက်ဆံရေးကို ပိုမို အရှိန်အဟုန်မြှင့်တင်

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ဖက်ဆစ်အား ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်တော်လှန်ခဲ့ကြောင်း၊ မြန်မာ့တပ်မတော်၏ တပ်မတော်နေ့ကို ဖက်ဆစ်အား တော်လှန်ခဲ့သည့် မတ်လ ၂၇ ရက်ကိုသတ်မှတ်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၌ နှစ်(၈၀)ပြည့် အခမ်းအနားကို ကျင်းပခဲ့ကြောင်း၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး ညီလာခံသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့် အလေးထားရသောညီလာခံဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလတွင် SCO ၏ ဆွေးနွေးဖက်နိုင်ငံ ဖြစ်လာပြီး အစည်းအဝေးများ စတင်တက်ရောက်ခဲ့ကြောင်း၊ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံပေးစေလိုကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးမှုမှသည် နှစ်နိုင်ငံအကြား ကောင်းမွန်သည့်ဆက်ဆံရေးကို ပိုမိုအရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ OBOR စီမံကိန်းနှင့် မြန်မာစီးပွားရေးစင်္ကြံ (CMEC) ၌ပါဝင်သည့် စီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝ သယံဇာတများအား အကျိုးရှိစွာ အသုံးပြုနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၌ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ထောက်ခံအားပေး ရပ်တည်ချက်အပေါ် အထူးအလေးထားမှုနှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလ ၂၈ ရက်နေ့၌စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားသည့်အခြေအနေများနှင့် ပတ်သက်၍ ကျယ်ပြန့်စွာ ဆွေးနွေးကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက ဆွေးနွေးပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ မေလတွင် မော်စကိုမြို့၌ တရုတ်၊ မြန်မာခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့သည့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၌ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်မှု၊ တရုတ်-မြန်မာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သောရပ်တည်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတို့၌ မြန်မာနိုင်ငံအနေဖြင့် သိက္ခာမြင့်မားစွာရပ်တည်နိုင်ရေး ကိစ္စရပ်များအား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှုများအပေါ် တရုတ်နိုင်ငံ၏ ထောက်ခံအားပေးမှုနှင့်သံတမန်ရေးရာအရ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ SCO အဖွဲ့ဝင်နိုင်ငံအဖြစ် ထောက်ခံပေးမည့်အခြေအနေများ၊ နှစ်နိုင်ငံ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာ ဌာနများအလိုက် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်ပြီး အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တီယန်ကျင်းမြို့ Binhai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့မှ သဘာဝအရင်းအမြစ်ရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Guan Zhiou နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့် ယဉ်ကျေးမှုအကအဖွဲ့တို့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုကြစဉ်။

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘော ခရီးသွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာကြရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် တီယန်ကျင်းမြို့ Binhai အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့မှ သဘာဝအရင်းအမြစ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး Mr. Guan Zhiou ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင် တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

လေဆိပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်ယဉ်ကျေးမှုအကအဖွဲ့တို့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြု ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ်များပြင်ဆင်သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၈၁ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ တော်သလင်း လဆန်း ၈ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ် လ ၃၀ ရက် )

**မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော်**
**အချိုးကျကိုယ်စားပြုစနစ် (PR)**
**မဲဆန္ဒနယ်များ ပြင်ဆင်သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဃ) နှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ တို့အရ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ၁၅ - ၈ - ၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၁/၂၀၂၅) ဖြင့် ထုတ်ပြန်ခဲ့သည့် အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်တွင် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ်အား ပူးတွဲပါအတိုင်း ပြင်ဆင်သတ်မှတ်ကြေညာလိုက်သည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပူးတွဲ

## ပြင်ဆင်သတ်မှတ်သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် ( PR ) မဲဆန္ဒနယ်များ

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများ | ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|
| | **မန္တလေး တိုင်းဒေသကြီး အမျိုးသား လွှတ်တော် (အချိုးကျ ကိုယ်စားပြု စနစ်)** | | |
| ၁၃ | မဲဆန္ဒနယ် အမှတ်(၁) | ကျောက်ဆည်ခရိုင်တစ်ခုလုံး၊ ညောင်ဦးခရိုင်တစ်ခုလုံး၊ တံတားဦးခရိုင်တစ်ခုလုံး၊ မြင်းခြံခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၁၄ | မဲဆန္ဒနယ် အမှတ်(၂) | ပြင်ဦးလွင်ခရိုင်တစ်ခုလုံး၊ မဟာအောင်မြေခရိုင်တစ်ခုလုံး၊ သပိတ်ကျင်းခရိုင်တစ်ခုလုံး၊ အမရပူရခရိုင်တစ်ခုလုံး၊ အောင်မြေသာစံခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၁၅ | မဲဆန္ဒနယ် အမှတ်(၃) | မိတ္ထီလာခရိုင်တစ်ခုလုံး၊ ရမည်းသင်းခရိုင်တစ်ခုလုံး၊ ပြည်ထောင်စုနယ်မြေတစ်ခုလုံး။ | ၂ ဦး |

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနားကျင်းပ

## လူငယ်မျိုးဆက်များ ထူးချွန်ထက်မြက်နေရန် ကြိုးစားအားထုတ်မှုအခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးတို့ကို ဖော်ဆောင်ပေးနေ

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး အခမ်းအနားကို "လူငယ်စွမ်းရည်" သီချင်းဖြင့် ဂုဏ်ပြုဖွင့်လှစ်ကာ **"လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့"** မှတ်တမ်းဗီဒီယိုကို ပြသသည်။

**ဝမ်းမြောက်ဂုဏ်ယူ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ယခုကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကို အသွင်သဏ္ဌာန်အရရော အနှစ်သာရအရပါ ပြည့်စုံကောင်းမွန်အောင် စီစဉ်ပေးထားသည်ကို တွေ့မြင်ရပါကြောင်း၊ ဤနေရာတွင် နိုင်ငံတော်၏ အဖိုးတန်ဆုံး ရတနာများဖြစ်သည့် လူငယ်များ၏ လန်းဆန်းတက်ကြွသည့်အသွင်သဏ္ဌာန်များ၊ ယုံကြည်ရဲရင့်သည့် စိတ်ဓာတ်များကို မြင်တွေ့ရသည့်အတွက် မိမိအနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုကြရသည့် လူ့စွမ်းအားအရင်းအမြစ်တစ်ခု ဖြစ်ပါကြောင်း၊ ခေတ်စနစ်များကို မည်သို့ပင် ဖြတ်သန်းကြရပါစေ၊ လူငယ်မျိုးဆက်များသည် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးပိုင်းနှင့် ကိုယ်စွမ်းကိုယ်စအပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်နေမည်ဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်ပေါ်နိုင်ရန် လူငယ်များ၏ ကြိုးစားအားထုတ်မှု အခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေး အပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးနေခြင်း ဖြစ်ပါကြောင်း။

**ဖော်ဆောင်ပေးလျက်ရှိ**

ယနေ့ လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်စွမ်းအားစုတစ်ရပ်လုံးသည် နိုင်ငံတော်၏ အနာဂတ်များဖြစ်သည်ဟု ယုံကြည်တန်ဖိုးထားသည့်အတွက် လူငယ်ရေးရာ မူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို ခေတ်နှင့်အညီ ချမှတ်ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ အကြောင်းကြောင်းကြောင့် လမ်းမှားရောက်ပြီး အနာဂတ် ပျောက်ဆုံးနေသည့် လူငယ်လူရွယ်များကို မိဘနှင့်သားသမီးကဲ့သို့ မေတ္တာထားကာ လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိစေရေးနှင့် လူငယ်များ၏ဘဝ တိုးတက်ရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ လူငယ်အင်အားစုများသည် စိတ်ဓာတ်နှင့် အတွေးအခေါ် မြင့်မားသူများ၊ စွမ်းရည်ထက်မြက်သူများ၊ ရိုးသားဖြောင့်မတ်မှန်ကန်သူများ ဖြစ်ကြမှသာ နိုင်ငံကို တိုးတက်ကောင်းမွန်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်ကို အလေးထားပြောကြားလိုပါကြောင်း။

လူငယ် မောင်မယ်တို့သည် အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့် ဒစ်ဂျစ်တယ်ခေတ်ကြီးထဲတွင် ရှင်သန်နေထိုင်နေကြပါကြောင်း၊ နည်းပညာများသည် တစ်နေ့တခြား တိုးတက်နေသလို ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခင်းအကျင်းများသည် အမြဲမပြတ် ရွေ့လျားပြောင်းလဲနေကြသည်ကို သတိပြုကြရန် လိုအပ်ပါကြောင်း၊ ယခုအချိန်သည် လူငယ်များကို **"အနာဂတ်ရဲ့ ခေါင်းဆောင်များ"**ဆိုသည့် စကားလုံးတစ်လုံးဖြင့် တင်စားပြောဆိုရုံနှင့် မလုံလောက်တော့ဘဲ ပိုမိုလေးနက်သည့် အဓိပ္ပာယ်ပေါင်းများစွာ ပြည့်ဝနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် လူငယ်မောင်မယ်တို့သည် အနာဂတ်ကို စောင့်ဆိုင်းနေသူများမဟုတ်ကြဘဲ ပစ္စုပ္ပန်ကို မောင်းနှင်နေကြသူများ ဖြစ်သကဲ့သို့ အနာဂတ်ကို ထုဆစ်ပုံဖော်နေကြသည့် ဗိသုကာပညာရှင်များလည်း ဖြစ်ပါကြောင်း။

**ဦးစားပေးလုပ်ငန်းစဉ်**

နိုင်ငံတော်အစိုးရ အနေဖြင့် **"လူငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်"** ဆိုသည့် သဘောတရားကို ခိုင်ခိုင်မာမာ ယုံကြည်ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်ပြီး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် လူငယ်များအနေဖြင့် မိမိတို့ဘဝအတွက်သာမက နိုင်ငံနှင့်ပြည်သူအတွက်ပါ အကျိုးရှိစေမည့် ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်း (Critical Thinking)နှင့် ပြဿနာရပ်များကို ဖြေရှင်းနိုင်စွမ်း (Problem Solving) များ ရှိလာစေရန်အတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

ယနေ့ဖိုရမ်တွင် ကမ္ဘာလုံးဆိုင်ရာ ပထဝီရှုခင်းရှုကွက်များကို နားလည်စေရန်အတွက် မိမိတို့မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ပထဝီနိုင်ငံရေးနှင့် ဗဟုဝင်ရိုးကမ္ဘာအကြောင်းများ၊ ပြောင်းလဲနေသည့် ကမ္ဘာနှင့် မြန်မာ့ပထဝီ



မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက "အနာဂတ်၏ အလင်းရောင်များ"တေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်စဉ်။

နိုင်ငံရေးအခြေအနေ၊ မြန်မာနိုင်ငံနှင့် ပထဝီစီးပွားရေးမဟာဗျူဟာကို နားလည်စေရန်အတွက် ပြောင်းလဲနေသည့် ကမ္ဘာနှင့် မြန်မာ့ပထဝီစီးပွားရေးအကြောင်းများ၊ ဗဟုဝင်ရိုးကမ္ဘာအကြောင်းများကို ပြည်ပ ပညာရှင်များက ရှုထောင့်ပေါင်းစုံမှ ဆွေးနွေးပြောကြားကြမည် ဖြစ်သည့်အတွက် စနစ်တကျ လေ့လာမှတ်သားသင်ယူကြရန် မှာကြားလိုပါကြောင်း။

**စနစ်တကျပါဝင်ဆောင်ရွက်**

ထို့ပြင် နေ့စဉ်ဆွေးနွေးတင်ပြချက်များအပေါ် လူငယ်များအချင်းချင်း အပြန်အလှန် နှီးနှောဖလှယ်နိုင်မည့် စကားဝိုင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ထည့်သွင်းဆောင်ရွက်မည် ဖြစ်သည့်အတွက် စနစ်တကျပါဝင်ဆောင်ရွက်ရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့ ကျင်းပသည့်ဖိုရမ်ကြီးသည် ယခင်ကျင်းပခဲ့သည့် ဖိုရမ်များ၊ ဆွေးနွေးပွဲများနှင့်မတူဘဲ ကောင်းမွန်သည့် အစီအစဉ်များ၊ လေ့လာသင်ယူမှုပုံစံများ ပါဝင်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များက တက်ရောက်လာသည့် လူငယ်များအနေဖြင့် လွန်စွာ အကျိုးကျေးဇူးရှိသည့် ဖိုရမ်ကြီးတစ်ခုဖြစ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**လူငယ်များကိုယ်တိုင်ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်ပပညာရှင်များ၊ အနုပညာရှင်များကို တက်ရောက်လာကြသည့် လူငယ်များ၊ ကျောင်းသားကျောင်းသူများနှင့် မိတ်ဆက်ပေးပြီး ဖိုရမ်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယနေ့ဖိုရမ်တွင် ပြည်ပ ပညာရှင်များဖြစ်သည့် Mr. Atul Aneja နှင့် Mr. Lorenzo Maria Pacini တို့က ကမ္ဘာလုံးဆိုင်ရာ ပထဝီရှုခင်းရှုကွက်များကို နားလည်ခြင်း၊ ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ-ပထဝီနိုင်ငံရေး၊ မြန်မာနိုင်ငံနှင့် ပထဝီစီးပွားရေးမဟာဗျူဟာ၊ ပြောင်းလဲနေသည့် ကမ္ဘာနှင့် မြန်မာ-ပထဝီစီးပွားရေး စသည့် အကြောင်းအရာများကို ဆွေးနွေးသွားမည် ဖြစ်သကဲ့သို့ လူငယ်များကိုယ်တိုင် ပါဝင်ဆွေးနွေး ဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

ယခုဖိုရမ်မှ မိမိတို့ မျှော်မှန်းထားသည့် ရလဒ် ၆ ခု ရှိပါကြောင်း၊ လူငယ်ပေါင်း ၄၀၀ ခန့်ကို မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ သတိမပြတ်မှုများ လေ့ကျင့်ပေးနိုင်ခြင်း၊ ဖိုရမ်တွင် ပညာရှင်များနှင့်လိုက်ပါဆွေးနွေးရင်း တက်ရောက်သူလူငယ်များအနေဖြင့် မိမိတို့၏ အတွေးအမြင်များ၊ စိတ်ကူးစိတ်သန်းများနှင့် အနာဂတ်စီမံကိန်းများအပေါ် အဆိုပြုပေးနိုင်ခြင်း၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်း ဆောင်ရွက်မှုများမှတစ်ဆင့် "မြန်မာလူငယ်ကြေညာစာတမ်း -၂၀၄၀ (Youth Declaration for Myanmar 2040)" တစ်ခုကို ပူးတွဲထုတ်ပြန်နိုင်ခြင်း၊ ဖိုရမ် တက်ရောက်လာကြသည့် လူငယ်အချင်းချင်း ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် လူငယ်ကွန်ရက်တစ်ခု ရရှိလာနိုင်ခြင်း၊ အဆင့်မြင့် ခေါင်းဆောင်မှုသင်တန်းများနှင့် အသိပညာပေးဝေမှုများကို ဆက်လက်ဆောင်ရွက်၍ လူငယ်များ၏ လုပ်နိုင်စွမ်းကို မြှင့်တင်နိုင်ခြင်း၊ လာမည့် ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် လူငယ်များ တက်ကြွစွာ ပါဝင်လာစေခြင်းတို့ ဖြစ်ပါကြောင်း။

ယနေ့ဖိုရမ်ကို တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်မောင်မယ်များအနေဖြင့် *စာမျက်နှာ ၆ သို့*




မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း အမှာစကားပြောကြားစဉ်။

# မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ ကျင်းပ

## မြန်မာနိုင်ငံ၏ အခန်းကဏ္ဍအပေါ် လူငယ်များအမြင်၊ မြန်မာကို နိုင်ငံတကာသို့ ဖော်ထုတ်တင်ပြရေး၊ လူငယ်နှင့်ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးအတွက် လူငယ်တို့၏ အခန်းကဏ္ဍ၊ ကမ္ဘာ့စိန်ခေါ်မှုများနှင့် လူငယ်များ၏ဖြေရှင်းမှု ခေါင်းစဉ်များဖြင့် အဖွဲ့များခွဲ၍ ဆွေးနွေး



မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တွင် အိန္ဒိယနိုင်ငံမှ မဟာဗျူဟာရေးရာ လေ့လာသုံးသပ်သူ Mr. Atul Aneja ဆွေးနွေးစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း အိန္ဒိယနိုင်ငံမှ မဟာဗျူဟာရေးရာ လေ့လာသုံးသပ်သူ Mr. Atul Aneja အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

ရန်ကုန် ဩဂုတ် ၃၀

နိုင်ငံတကာရေးရာ၊ ပထဝီနိုင်ငံရေး၊ အမျိုးသားမဟာဗျူဟာနှင့် ပတ်သက်သည့် အခြေခံဗဟုသုတများရရှိစေရန်၊ လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် လူမှုဆက်ဆံရေး ကျွမ်းကျင်မှုအရည်အချင်းများ မြှင့်တင်ရန်၊ ဖိုရမ်တွင် အပြန်အလှန်ဆွေးနွေးပြောဆိုမှုများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးနှီးနှောမှုနှင့် ပြည်သူ့နီတိ ထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရန်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖြစ်ပေါ်လာမည့် အနာဂတ်လမ်းကြောင်းများကို လူငယ်များကိုယ်တိုင် ရှုမြင်အဆိုပြုနိုင်စွမ်း မြှင့်တင်ရန်နှင့် အနာဂတ်တွင် ဆောင်ရွက်ကြမည့် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် လုပ်ငန်း အစီအစဉ်များအတွက် တက်ကြွသည့် ဖိုရမ်ဆင်းလူငယ်ကွန်ရက်ကို ဖန်တီးပေးရန်ဟူသည့် ရည်ရွယ်ချက် ငါးရပ်ဖြင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ပပညာရှင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ် ကျောင်းသား ကျောင်းသူများက "မြန်မာနိုင်ငံအတွက် ကျွန်ုပ်၏ စိတ်ကူးအိပ်မက်" ခေါင်းစဉ်ဖြင့် Energizer Quiz များကို ပါဝင်ဖြေကြားကြသည်။

ထို့နောက် အိန္ဒိယနိုင်ငံမှ မဟာဗျူဟာရေးရာ လေ့လာသုံးသပ်သူ Mr. Atul Aneja က "ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ-ပထဝီနိုင်ငံရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ဗဟုဝင်ရိုး ဖြစ်ပေါ်လာပုံ၊ ဒီမိုကရေစီ Ideology များ၊ အယူဝါဒရေးရာများ၊ Francis Fukuyama ၏ The End of History And The Last Man စာအုပ်ပါ အယူအဆများ၊ ကမ္ဘာကြီးအနေဖြင့် World State အဖြစ် ပြောင်းလဲလာလျက်ရှိပုံ၊ လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေ၊ ပထဝီနိုင်ငံရေးအရ အယူဝါဒရေးရာများ ပြောင်းလဲလာပုံနှင့် မဟာဗျူဟာများပေါ်ပေါက်လာပုံ၊ မဟာဗျူဟာများ ပြောင်းလဲလာမှုအရ အချုပ်အခြာအာဏာပိုင်နိုင်ငံများအပေါ် သက်ရောက်မှုများ၊ အရှေ့အလယ်ပိုင်းဒေသ၏ ပထဝီနိုင်ငံရေး အခြေအနေ၊ ခေတ်သစ်ကိုလိုနီဝါဒ ပြုမှုများ၊ ကမ္ဘာ့ပထဝီ နိုင်ငံရေးအပေါ် လွှမ်းမိုးမှုရှိသော နိုင်ငံရေးပညာရှင်များ၊ Multi Civilization အဖြစ်ပြောင်းလဲလာသည့် ကမ္ဘာ၊ ဗဟုဝင်ရိုး ကမ္ဘာကြီးပေါ်မှ မြန်မာ့နိုင်ငံရေး စသည့် အကြောင်းအရာများကို သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ လူငယ်ကျောင်းသား ကျောင်းသူများက ဗဟုဝင်ရိုး ကမ္ဘာနိုင်ငံရေးအဖြစ် ပြောင်းလဲလာမှုမှ မြန်မာနိုင်ငံအနေဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ မြန်မာ၊ ရုရှား၊ တရုတ်၊ အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှု ပုံစံသစ်၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအတွက် လိုအပ်ချက်များ၊ အင်အားများ၊ လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေ ပြောင်းလဲမှု၊ မြန်မာနိုင်ငံအပေါ် ကမ္ဘာ့အယူဝါဒရေးရာလွှမ်းမိုးမှုများ၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကမ္ဘာ့အယူဝါဒရေးရာများကို ထုတ်နုတ်အသုံးပြုနိုင်ရေးစသည့် အကြောင်းအရာများကို မေးခွန်းများ မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် Mr. Atul Aneja က "မြန်မာ၊ ပထဝီနိုင်ငံရေးနှင့် ဗဟုဝင်ရိုးကမ္ဘာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့၏ Civilization ဆိုင်ရာ အားသာချက်များ၊ ပေါင်းကူးနိုင်ငံအဖြစ် တည်ရှိနေမှု၊ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားသင့်သည့် အခြေအနေ၊ ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲများပြားသော ကာလဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအပေါ် သက်ရောက်လာနိုင်မှု၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရန် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်နိုင်ရေး၊ မြန်မာနိုင်ငံ၌ ပြည်တွင်းပဋိပက္ခများ တည်ရှိနေသော်လည်း ဖွံ့ဖြိုးမှုအခွင့်အလမ်းများစွာလည်း ရှိနေသည့်အတွက် စုပေါင်းအင်အားဖြင့် ပဋိပက္ခများကို ကျော်လွှားပြီး ခိုင်မာအားကောင်းသည့် နိုင်ငံတစ်ခုအဖြစ် ဖော်ဆောင်ရေး၊ ဖွံ့ဖြိုးမှုအခွင့်အလမ်းများအတွက် အိမ်နီးချင်းနိုင်ငံများ၊ အာရှဒေသတွင်းနိုင်ငံများနှင့် ကူးလူးဆက်နွှယ်မှု ပိုမိုတိုးမြှင့်လုပ်ဆောင်ရေး၊ စီးပွားရေးစကြံများ ဖော်ဆောင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် တန်ဖိုးကြီးမားသော သယံဇာတများနှင့် အလားအလာ များစွာရှိသော လူငယ်လူသားအရင်းအမြစ်များ ပိုင်ဆိုင်ထားသည့်အတွက် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေး သုံးသပ်ချက်များအပေါ် လူငယ်ကျောင်းသား ကျောင်းသူများက မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာမြောက် တည်ရှိနေသည့်အတွက် ဖော်ဆောင်သွားနိုင်မည့် အခွင့်အလမ်းများ၊ အဓိကထားဖော်ဆောင်သင့်သည့် စီးပွားရေးကဏ္ဍ၊ လူငယ်များ ဦးဆောင်ပါဝင်နိုင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံမှ လူငယ်များနှင့် ဒေသတွင်းနိုင်ငံများမှ လူငယ်များအကြား ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး၊ ဗဟုဝင်ရိုးနိုင်ငံရေး အခြေအနေအရ ရုရှား၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် ဆက်သွယ်ဆက်ဆံမှု တိုးမြှင့်ရေး၊ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသည့် လူငယ်များဖြစ်စေရန် စွမ်းဆောင်ရေး၊ ယှဉ်ပြိုင်မှုပုံစံမျိုး မဟုတ်ဘဲ

*စာမျက်နှာ ၇ သို့*



မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ အဖွဲ့လိုက် ဆွေးနွေးကြစဉ်။

---

*စာမျက်နှာ ၅ မှ*

မြန်မာနိုင်ငံ၏ပထဝီအနေအထား၊ ဗဟုဝင်ရိုး ကမ္ဘာတွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးဆိုင်ရာ အားသာချက်၊ အားနည်းချက်များကို သိရှိကြပြီး အနာဂတ်နိုင်ငံတော်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြသည့်အခါ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးတည်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမည်ဟု မျှော်လင့် ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုဖိုရမ်က ချမှတ်ထားသည့် ရည်ရွယ်ချက်များ၊ မျှော်မှန်းချက်များ၊ ရလဒ်များကို ဖိုရမ် တက်ရောက်လာကြသူအားလုံးက အောင်မြင်စွာ အကောင်အထည် ဖော်မည်ဟု ယုံကြည်ပါကြောင်း၊ ရရှိလာမည့် အတွေးအမြင်ကောင်းများကို အမိနိုင်ငံတော်ကြီးနှင့် နိုင်ငံသားများအတွက် ပြန်လည်အကျိုးပြုနိုင်ကြပါစေကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက "အနာဂတ်၏ အလင်းရောင်များ" တေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ ကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၃၀**

မြို့သစ်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျိုးမဝင်သော မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲနှင့် ဆောင်းမြေပဲစိုက်တောင်သူများအတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် မျိုး၊ သွင်းအားစု၊ မြေဩဇာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြို့သစ်မြို့ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံအလိုက် သတ်မှတ်ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ဆောင်ရွက်ပေးနေမှု၊ Drum Seeder များ တိုးချဲ့ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးနေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများထောက်ပံ့ရာတွင် ဈေးနှုန်းအနေဖြင့် ယူရီးယားတစ်အိတ်လျှင် ရန်ကုန်အထိုင်ပြင်ပပေါက်ဈေး ငွေကျပ် ၁၀၂၀၀၀ ရှိပြီး ယခုစီမံကိန်းဖြင့် ဖြန့်ဝေသောဈေးနှုန်းမှာ ရန်ကုန်အထိုင်ဈေး ငွေကျပ် ၈၉၅၀၀ ဖြစ်ကြောင်း၊ ကွန်ပေါင်းတစ်အိတ်လျှင် ရန်ကုန်အထိုင်ပြင်ပပေါက်ဈေး ငွေကျပ် ၁၄၅၀၀၀ ရှိပြီး ယခုစီမံကိန်းဖြင့် ဖြန့်ဝေသော ဈေးနှုန်းမှာ ရန်ကုန်အထိုင်ဈေး ငွေကျပ် ၁၂၀၀၀၀ ဖြစ်ကြောင်း၊ သယ်ယူစရိတ်နှင့် သတ်မှတ်ကုန်ကျစရိတ်များအပါအဝင် ယူရီးယားနှင့် ကွန်ပေါင်းတစ်အိတ်လျှင် တောင်သူများ လက်ဝယ်အရောက်ပြင်ပဈေးထက် ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ သက်သာနိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုဓာတ်မြေဩဇာများသုံးစွဲရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ လမ်းညွှန်ထားသော သတ်မှတ်ရက်အလိုက် ထည့်သွင်းရမည့် ပမာဏ၊ ထည့်သွင်းနည်းစနစ်များကို စနစ်တကျ မှန်ကန်စွာအသုံးပြုနိုင်မှသာ ပန်းတိုင်အထွက်နှုန်း ရရှိမည်ဖြစ်ကြောင်း၊ သီးနှံပေါ်ပါက ယခုသွင်းအားစုတန်ဖိုးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်ချေးငွေများကို အပြေအကျေပြန်ဆပ်ရန် လိုအပ်ကြောင်းပြောကြားပြီး မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ မှ မိုးစပါးစိုက်တောင်သူများအတွက် ယူရီးယား၊ ကွန်ပေါင်းသွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။ (ဓာတ်ပုံ)



ထို့နောက် တိုင်းဒေသကြီးအတွင်း ဆောင်းမြေပဲစိုက်တောင်သူများအတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် မျိုး၊ သွင်းအားစု၊ မြေဩဇာပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချရန်အတွက် ဆီထွက်သီးနှံ မြေပဲနှင့် နေကြာတိုးချဲ့စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မကွေးမြို့နယ်နှင့် မြို့သစ်မြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာသုံးရွာအတွက် ဆောင်းမြေပဲမျိုးနှင့် သွင်းအားစုဓာတ်မြေဩဇာများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်းတွင်းကြီးမြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာနှစ်ရွာအတွက် ဆောင်းမြေပဲမျိုးနှင့် သွင်းအားစုဓာတ်မြေဩဇာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သံမဏိမူဝါဒ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေးနှင့် အရည်အသွေးပြည့်မီသော သံ၊ သံမဏိများ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၀**

သံမဏိမူဝါဒ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေးနှင့် အရည်အသွေးပြည့်မီသော သံ၊ သံမဏိများ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံသံနှင့် သံမဏိအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သံမဏိလုပ်ငန်းရှင်များ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှူးများက Virtual စနစ်ဖြင့် သတ်မှတ်နေရာများမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ဘုရား၊ စေတီပုထိုးများ၊ လမ်းတံတားများ၊ ရုံး၊ လူနေအိမ်အဆောက်အအုံများ များစွာပြိုပျက်၍ ပြည်သူလူထုထိခိုက် သေဆုံးမှုများ ရှိခဲ့သဖြင့် နိုင်ငံတော်အကြီးအကဲက နောင်တစ်ချိန်တွင် ယခုကဲ့သို့ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် အနည်းဆုံး ရစ်ခ်ျစတာ စကေး ၈ ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရန် လမ်းညွှန်မှု ပြုထားကြောင်း၊ ထို့ကြောင့် အင်အားအလွန်ပြင်းထန်သော ငလျင်ကြီး၏ နောက်ဆက်တွဲ ဆိုးကျိုးများအပေါ် အကောင်းဆုံးတုံ့ပြန်ကုစားရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများနှင့် ပတ်သက်၍ ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပမှတင်သွင်းမှုများအပေါ်တွင် စံချိန်စံညွှန်းအရည်အသွေး ပြည့်မီရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

သံမဏိ ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများအား စနစ်တကျရှိစေရေး၊ စံချိန်စံညွှန်း အရည်အသွေး ပြည့်မီမှုကိုလည်း စစ်ဆေးကြပ်မတ် ဆောင်ရွက်နိုင်ရန်အတွက် မှန်ကန်သော မူဝါဒ အထောက်အပံ့ဖြင့် ချဉ်းကပ်ရန်လိုကြောင်း၊ သံမဏိမူဝါဒ အမြန်ထွက်ရှိရေး၊ စံချိန်စံညွှန်း ပြည့်ဝသော အရည်အသွေးမီသည့် သံနှင့် သံမဏိပစ္စည်းများ ထုတ်လုပ်နိုင်ရေးတို့အတွက် လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ အကြံဉာဏ်များကို အကြံပြု ဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးတို့က သံမဏိမူဝါဒ ရေးဆွဲထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေမှု၊ နိုင်ငံအတွက် သံမဏိ လိုအပ်ချက်၊ ထုတ်လုပ်မည့် သံမဏိများအား အရည်အသွေးပြည့်မီနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှု၊ ပြည်တွင်း၌ သံမဏိများအား အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး သံမဏိများ၏ အရည်အသွေး စစ်ဆေးနိုင်ရေးအတွက် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများ ထူထောင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံသံနှင့် သံမဏိအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က သံမဏိများအား အရည်အသွေးသတ်မှတ်ထားမှုအပေါ် သုံးစွဲသူပြည်သူများ သိရှိလိုက်နာနိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ လုပ်ငန်းရှင်များက သံမဏိမူဝါဒ အမြန်ဆုံးရေးဆွဲ ထုတ်ပြန်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်မည့်အခြေအနေ၊ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက သံမဏိမူဝါဒ ခိုင်မာအားကောင်းလာစေရေးအတွက် ပါဝင်သင့်သည့် အချက်များ၊ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အတူလက်တွဲ ပူးပေါင်းဆောင်ရွက်သည့်ပုံစံဖြင့် နိုင်ငံရေးအခွင့်အလမ်းများ ဖန်တီးရေး စသည့် အကြောင်းအရာများကို မေးခွန်းများ မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ပပညာရှင်များဖြစ်သည့် အိန္ဒိယနိုင်ငံမှ မဟာဗျူဟာရေးရာ လေ့လာသုံးသပ်သူ Mr. Atul Aneja၊ ဆွစ်ဇာလန်နိုင်ငံ (SUPDI) မှ တွဲဖက်ပါမောက္ခ Mr. Lorenzo Maria Pacini နှင့် Anteo Edizioni Publishing House Italy မှ ဒါရိုက်တာ Mr. Stefano Bonilauri တို့ကို ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ထို့နောက် ပြောင်းလဲနေသော ကမ္ဘာ့အစီအစဉ်တွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍအပေါ် လူငယ်များ အမြင်၊ လူငယ်များဦးဆောင်သည့် ယဉ်ကျေးမှုနှင့် တီထွင်ဆန်းသစ်မှုများမှတစ်ဆင့် မြန်မာကို နိုင်ငံတကာသို့ ဖော်ထုတ်တင်ပြရေး၊ လူငယ်နှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် လူငယ်တို့၏ အခန်းကဏ္ဍ၊ ကမ္ဘာ့စိန်ခေါ်မှုများနှင့် လူငယ်များ၏ ဖြေရှင်းမှုများ စသည့် ခေါင်းစဉ်များကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။ ယင်းနောက် အဖွဲ့များမှ လူငယ်ကိုယ်စားလှယ် တစ်ဦးစီက ခေါင်းစဉ်အလိုက် ဆွေးနွေးသုံးသပ်ချက်များကို ပြန်လည်စုစည်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌက အနှစ်ချုပ်သုံးသပ်တင်ပြပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လူငယ်အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ နောက်ဆုံးရက်ဖြစ်သည့် စက်တင်ဘာ ၁ ရက်တွင် လူငယ်များ၏ ဆွေးနွေးပွဲရလဒ်များကို ကြေညာချက် စာတမ်းတစ်ရပ် ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အဖျက်သမားစိတ် အဖျက်သမားလုပ်ရပ် ...

**ကိုငြိမ်း**

ဩဂုတ်လ ၂၄ ရက်နေ့က မြန်မာနိုင်ငံမှာသာမက ကမ္ဘာမှာပါ ထင်ရှားတဲ့ ဂုတ်ထိပ်တံတားကြီးကို TNLA အဖွဲ့က မိုင်းထောင်ဖောက်ခွဲလိုက်တယ်ဆိုတဲ့သတင်းကြောင့် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ကျွန်တော် အလွန်ပဲစိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ ဂုတ်ထိပ်တံတားကြီးဆိုတာက နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိတဲ့ တံတားကြီးတစ်စင်းပါ။ ဒီတံတားကြီး တည်ဆောက်ချိန်၊ စတင်အသုံးချချိန်တွေကို သိမီလိုက်တဲ့သူတွေ အခုဆို မရှိကြတော့ပါဘူး။

တံတားကြီးဟာ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိရုံသာမကပါဘူး၊ ပေ ၃၀၀ ကျော်မတ်စောက်တဲ့ လျှိုကြီးနှစ်ခုကို ဖြတ်ကျော်တည်ဆောက်ထားလို့ အဲဒီအချိန်က ကမ္ဘာမှာ အမြင့်ဆုံး တံတားဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ယနေ့ထက်တိုင် ကမ္ဘာလှည့်ခရီးသွားတွေ တကူးတကသွားရောက်လည်ပတ်ရတဲ့ တံတားကြီးအဖြစ် ရှိနေတာပါ။ ဂုတ်ထိပ်တံတားကြီးအတွက် ဂုဏ်ယူစရာပါပဲ။ ဂုတ်ထိပ်တံတားကြီးဟာ မြန်မာနိုင်ငံသားတွေအတွက်သာမကပါဘူး နိုင်ငံအတွက်လည်း သမိုင်းတန်ဖိုးကြီးမားတဲ့ တံတားကြီးဖြစ်တာမို့ TNLA က မိုင်းထောင်ဖောက်ခွဲလိုက်ခြင်းဟာ စစ်ရေးရည်မှန်းချက်တစ်ခုအတွက် တိုက်ခိုက်တယ်လို့ မဆိုနိုင်တော့ပါဘူး။ နိုင်ငံ့ရှေးဟောင်းအမွေအနှစ်တစ်ခုကို တိုက်ခိုက်ဖျက်ဆီးလိုက်ခြင်းသာ ဖြစ်ပါတယ်။

**လျှိုကြီးနှစ်ဖက်ကိုဖြတ်ပြီး တည်ဆောက်ထား**

ဂုတ်ထိပ်တံတားကြီးဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး ရထားလမ်းပေါ်မှာ တည်ရှိပါတယ်။ နောင်ချိုဘူတာအလွန် ခုနစ်မိုင်အကွာ၊ ကျောက်မဲမြို့နဲ့ ၁၄ မိုင်အကွာ မီးရထားမိုင်တိုင်အမှတ် ၄၆၃/၀-၉ မှာ ရှိပါတယ်။ မန္တလေးမြို့ကနေဆို အရှေ့မြောက် မိုင် ၆၀ ခန့်အကွာအဝေးမှာ ရှိပါတယ်။ ပေ ၃၀၀ ကျော်မတ်စောက်တဲ့ လျှိုကြီးနှစ်ဖက်ကို ဖြတ်ပြီး တည်ဆောက်ထားတာပါ။ ဂုတ်ထိပ်တံတားကြီးကို မန္တလေး-လားရှိုး ကားလမ်းပေါ်က ကြည့်ရင်မြင်ရပါတယ်။ ရင်သပ်ရှုမောကြည့်ရတဲ့ တံတားကြီးပါ။ တောတောင်တွေကြားမှာ လျှိုကြီးအစွန်းနှစ်ဖက်ကို ဖြတ်ပြီး ဖောက်လုပ်ထားတဲ့အတွက် အံ့မခန်းတံတားကြီးဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားကြီးနဲ့ ပတ်သက်လို့ Paul Theroux က သူ့ရဲ့ကျော်ကြားတဲ့ The Great Railway Bazaar ခရီးသွားစာအုပ်မှာ **"မညီမညာကျောက်တုံးတွေနဲ့ တောတောင်တွေကြားမှာ ငွေရောင်ရောမအကောင်ကြီး တစ်ကောင်ရှိနေတာဟာ လွန်စွာထူးဆန်းအံ့ဩဖွယ်တစ်ခုဖြစ်တယ်"** လို့ ဖော်ပြထားပါတယ်။



အကြမ်းဖက်သမားများက ဂုတ်ထိပ်တံတားကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့စဉ်။

Paul Theroux ဟာ အမေရိကန်နိုင်ငံသား ဝတ္ထုရေးဆရာ၊ ခရီးသွားစာရေးဆရာ၊ ဝတ္ထုတိုစာရေးဆရာနဲ့ စာပေဝေဖန်ရေးဆရာတစ်ဦးဖြစ်ပြီး The Great Railway Bazaar ခရီးသွားစာအုပ်ကို ၁၉၇၅ ခုနှစ်မှာ ထုတ်ဝေခဲ့သူဖြစ်ပါတယ်။ အမေရိကန်နိုင်ငံသား Paul Theroux ဟာ အဲဒီအချိန်က ခက်ခက်ခဲခဲနဲ့ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးကို သွားရောက်ကြည့်ရှုမှတ်တမ်းတင်ခဲ့တဲ့အချိန်ကာလပင် အခုဆို နှစ်ပေါင်း ၅၀ ရှိပြီ ဖြစ်ပါတယ်။ ဒါဟာ သမိုင်းတန်ဖိုးတစ်ခု ဖြစ်ပါတယ်။ အခြားနိုင်ငံကသူတွေက ကိုယ့်နိုင်ငံထဲမှာရှိတဲ့ သမိုင်းဝင်အဆောက်အအုံ၊ ရှေးဟောင်းယဉ်ကျေးမှုနေရာတွေကို တန်ဖိုးထားပြီး တကူးတကလာရောက်လေ့လာနေချိန်မှာ ကိုယ့်နိုင်ငံသားတွေက ပိုလို့တန်ဖိုးထားထိန်းသိမ်းကြရမှာပါ။ ဒါဟာ တန်ဖိုးသိတဲ့သူအတွက်သာ တန်ဖိုးရှိတယ်ဆိုတဲ့ စကားလိုပါပဲ။

**အစိတ်အပိုင်းတွေကို လပေါင်းများစွာကြာအောင် သင်္ဘောနဲ့ သယ်ယူခဲ့**

ဂုတ်ထိပ်တံတားကြီး စတင်တည်ဆောက်တဲ့အခါ လန်ဒန်မှာ ဒီဇိုင်းထုတ်ခဲ့ပြီး တံတားအစိတ်အပိုင်းတွေကို ပင်ဆယ်ဗေးနီးယားစတီးလ်ကုမ္ပဏီက ထုတ်လုပ်ခဲ့တာပါ။ တံတားအစိတ်အပိုင်းတွေကို အမေရိကန်နိုင်ငံမှာ တည်ဆောက်ခဲ့ပြီး အဲဒီအစိတ်အပိုင်းတွေကို နယူးယောက်ကနေ လပေါင်းများစွာကြာအောင်သင်္ဘောနဲ့ သယ်ယူခဲ့တယ်လို့ဆိုပါတယ်။ အဲဒီအစိတ်အပိုင်းတွေ ရောက်လာပြီး တပ်ဆင်ခဲ့တာတစ်နှစ်အတွင်းမှာ ပြီးခဲ့ပါတယ်။

**တံတားကြီးကို စတီးလ်၊ သံမဏိနဲ့ သံတွေ အသုံးပြုပြီး တည်ဆောက်ထား**

ဂုတ်ထိပ်တံတားကို ၁၈၉၉ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၉၀၀ ပြည့်နှစ်မှာ ပြီးစီးခဲ့ပါတယ်။ ဒါပေမယ့်တံတားကို ၁၉၀၃ ခုနှစ်မှ စတင်အသုံးပြုနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ တံတားကြီးဟာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၆၀၀ မှာရှိပြီး တံတားကို ထောက်ထားတဲ့ သံတိုင်တွေမှာ အမြင့်ဆုံးတိုင်က ပေ ၃၂၀ မြင့်ပြီး အနိမ့်ဆုံးတိုင်က ၄၅ ပေခန့်ရှိပါတယ်။ တံတားသံတိုင်ပေါင်း ၁၆ ခု ရှိပြီး တံတားက အရှည်ပေ ၂၂၆၀ ရှိပါတယ်။ တံတားကြီးက တံတားအောက်ဖြတ်စီးနေတဲ့ ရေမျက်နှာပြင်အထက် ၈၂၅ ပေရှိပြီး အမြင့်ဆုံး ဒေါက်တိုင်ပေါ်မှာရှိတဲ့ သံလမ်းက မြေပြင်အထက် ၃၃၅ ပေ မြင့်ပါတယ်။ တံတားကြီးကို စတီးလ်၊ သံမဏိနဲ့ သံတွေ အသုံးပြုပြီး တည်ဆောက်ထားတာပါ။ ဒါကြောင့်လည်း တံတားကြီး တည်ဆောက်ပြီးတဲ့အချိန်က the largest railway trestle in the world ဖြစ်ခဲ့ပါတယ်။ တံတားကြီး တည်ဆောက်ခဲ့တဲ့ နည်းပညာအဆင့်မြင့်မှုနှင့် ပတ်ဝန်းကျင်က သဘာဝအခြေအနေကြောင့် ကမ္ဘာ့စံချိန်စံညွှန်း လက်ရာတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။

ဂုတ်ထိပ်တံတားကြီးဟာ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ကြီးတွေကို ဖြတ်သန်းပြီး ယနေ့ထက်တိုင် တည်ရှိနေတာဟာ ရှေးအစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့လို့သာပါ။ ဒုတိယကမ္ဘာစစ်အတွင်းမှာ အင်္ဂလိပ်တွေရဲ့ ဖျက်ဆီးမှုကြောင့် သံတိုင်အမှတ် ၂ နဲ့ ၅ တို့ ပျက်စီးခဲ့ပါတယ်။ ဒါ့အပြင် ဂျပန်တွေ မြန်မာနိုင်ငံကနေ ပြန်ဆုတ်တဲ့အချိန်မှာ ဂုတ်ထိပ်တံတားကို ဖျက်ဆီးခဲ့လို့ သံတိုင်အမှတ် ၉၊ ၁၀၊ ၁၁ နဲ့ ၁၂ တို့ ပျက်စီးခဲ့ပါတယ်။ အဲဒီတိုင်ပေါ်မှာရှိတဲ့ ပေါင်းကူးသံပေါင် လေးခု မြေသို့ကျခဲ့ပါတယ်။ ဒါပေမယ့်လည်း ပြန်လည်ပြုပြင်ပြီး တံတားကြီးကို ယနေ့ထက်တိုင် ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ ဒီလို ကမ္ဘာ့အဆင့်မီ ရှေးဟောင်းတံတားကြီးတစ်ခုကို သမိုင်းဝင်အမွေအနှစ်တစ်ခုအဖြစ် အစဉ်အဆက်ထိန်းသိမ်းကြမှသာ နိုင်ငံ့ရဲ့သမိုင်းဝင်အမွေအနှစ်တွေ မပျောက်မပျက်ရှိနေပါလိမ့်မယ်။

**နိုင်ငံရဲ့ သမိုင်းအမွေအနှစ်တစ်ခုကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးလိုက်ခြင်းသာဖြစ်**

ဒါပေမယ့်လည်း ဩဂုတ်လ ၂၄ ရက်နေ့က TNLA အဖွဲ့က တံတားကြီးကို မိုင်းထောင်ဖောက်ခွဲလိုက်ခြင်းဟာ အသိတရား၊ ဆင်ခြင်တုံတရား နည်းလွန်းတဲ့လုပ်ရပ်လို့ ဆိုရမှာပါ။ အဲဒီလို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးမှုကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နဲ့ ကမ်းကပ်ခုံ (AB–2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနဲ့ တံတားရဲ့ ကမ်းကပ်ခုံ(AB – 2) တို့ ပျက်စီးခဲ့ပါတယ်။ တံတားကြီး ဖျက်ဆီးခံရတာနဲ့ ပတ်သက်လို့ TNLA အဖွဲ့ကလည်း သူလုပ်တာ မဟုတ်ဘူးဆိုပြီး ငြင်းဆိုချင်ပါသေးတယ်။ အခုဖောက်ခွဲခံခဲ့ရတဲ့ ကျောက်မဲအခြမ်းမှာ ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ အဲဒီဘက်အခြမ်းက TNLA အဖွဲ့ထိန်းချုပ်ထားတဲ့ နေရာဖြစ်ပါတယ်။ နောက်ပြီး တံတားဖောက်ခွဲ ဖျက်ဆီးခံထားရတဲ့ အနေအထားကိုကြည့်ရင် သာမန်ဗုံးတစ်လုံးကြောင့် ပျက်စီးတဲ့ အနေအထား မဟုတ်ပါဘူး။ ဒီလောက်ကြီးမားတဲ့ သံထည်တွေကို ဖျက်ဆီးဖို့ဆိုရင် ကြီးမားတဲ့ ယမ်းအားနဲ့ စနစ်တကျဖောက်ခွဲမှ ဖြစ်နိုင်တာပါ။ နယ်မြေအခြေအနေအရ လတ်တလောအခြေအနေမှာလည်း တံတားကြီးပေါ် ဖြတ်သန်းပြီး ရထားပြေးဆွဲနိုင်မှုမရှိပါဘူး။ ရထားပြေးဆွဲမှုမရှိတဲ့ တံတားကြီးကို ဖောက်ခွဲခြင်းဟာ စစ်ရေးရည်မှန်းချက်အတွက် မဟုတ်ပါဘူး။ ဒါဟာ နိုင်ငံရဲ့ သမိုင်းအမွေအနှစ်တစ်ခုကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးလိုက်ခြင်းသာဖြစ်ပါတယ်။

**နိုင်ငံတကာ ရာဇဝတ်တရားရုံးရဲ့ ရောမဥပဒေ (ICC၊ 1998၊ Art. 8(2)(b)(ix)) အရ စစ်ရေးအရ မလိုအပ်ဘဲ သမိုင်းဝင်နေရာတွေနဲ့ ယဉ်ကျေးမှုဆိုင်ရာနေရာတွေကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်းဟာ စစ်ရာဇဝတ်မှု (war crimes)မြောက်ပါတယ်။ Geneva Conventions (1949) နဲ့ ၎င်းတို့ရဲ့ နောက်ထပ် Protocols (1977) တို့အရလည်း ယဉ်ကျေးမှုအမွေအနှစ်များကို အကာအကွယ်ပေးထားပါတယ် (ICRC, 2016)။ TNLA ရဲ့လုပ်ရပ်ဟာ နိုင်ငံတကာ ဥပဒေအရပဲ ကြည့်ကြည့်၊ နိုင်ငံရဲ့ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးအရပဲ ကြည့်ကြည့် အကြမ်းဖက်မှုတစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။**

**တံတားကြီးကို ဘယ်လိုအသိဉာဏ်ပညာနဲ့ ဖျက်ဆီးလိုက်တယ်ဆိုတာ စဉ်းစားလို့မရ**

ကုလသမဂ္ဂအပါအဝင် နိုင်ငံတိုင်းက ကိုယ့်နိုင်ငံရဲ့ tangible heritage၊ intangible heritage တွေကို အသိတရားရှိရှိ ထိန်းသိမ်းကာကွယ်နေကြပါတယ်။ ဒီလို ကာကွယ်ထိန်းသိမ်းခြင်းဟာ နိုင်ငံရဲ့ ဂုဏ်သိက္ခာဖြစ်သလို နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းအတွက်လည်း အကျိုးရှိစေပါတယ်။ အခုလို နှစ်ပေါင်း ၁၂၅ နှစ်ရှိပြီဖြစ်တဲ့ တံတားကြီးကို ဘယ်လိုအသိဉာဏ်ပညာနဲ့ ဖျက်ဆီးလိုက်တယ်ဆိုတာ စဉ်းစားလို့မရပါဘူး။ ရှေးဟောင်းအမွေအနှစ်တစ်ခု ပျက်စီးသွားရင် ပြန်ပြင်လို့ရနိုင်ပေမယ့် ဒီလို ပြန်ပြင်လိုက်ခြင်းဟာ အသစ်ပဲဖြစ်သွားလိမ့်မယ်။ ရှေးဟောင်းအမွေအနှစ် မဟုတ်တော့ပါဘူး။ ဒါကြောင့် ရှေးဟောင်းအမွေအနှစ်ကို မူလအတိုင်း မပျက်စီးအောင် ကာကွယ်ထိန်းသိမ်းထားမှသာ ရှေးဟောင်းအမွေအနှစ်တန်ဖိုး ဖြစ်မှာပါ။

ဂုတ်ထိပ်တံတားကြီးဟာ အင်္ဂလိပ်တို့ တည်ဆောက်ခဲ့ပေမယ့် တည်ရှိတာက မြန်မာနိုင်ငံမှာပါ။ ပိုင်ဆိုင်တာက မြန်မာနိုင်ငံသားတွေ ဖြစ်ပါတယ်။ ဒါကြောင့် အစဉ်အဆက် ထိန်းသိမ်းကာကွယ်ကြရမှာက မြန်မာနိုင်ငံသားတွေပဲ ဖြစ်ပါတယ်။ ဒီတံတားကြီးရဲ့ အသုံးဝင်မှု၊ တည်ဆောက်စဉ်ကာလက နည်းပညာအဆင့်အတန်းမြင့်မားမှု၊ ကမ္ဘာ့အဆင့်အတန်းမီမှု၊ ရှားပါးမှု၊ နိုင်ငံရဲ့ အမှတ်သရုပ်ဖြစ်မှု စတဲ့ တန်ဖိုးတွေဟာ ငွေကြေးတန်ဖိုးနဲ့ တိုင်းတာလို့ မရနိုင်ပါဘူး။

*စာမျက်နှာ ၉ သို့*

## ဇေယျာသီရိမြို့နယ်၌ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး



**ဇေယျာသီရိ ဩဂုတ် ၃၀**

နေပြည်တော်တိုင်းရင်းဆေးရုံကြီး ဆေးကုသရေးအဖွဲ့မှ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ ရေဘေးရှောင်စခန်းရှိ ရေဘေးသင့် ပြည်သူများအား ယမန်နေ့က တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် နေပြည်တော်တိုင်းရင်းဆေးရုံကြီး ဆေးကုသရေးအဖွဲ့မှ ဆရာ ဆရာမများက ဆေးကုသပေးခြင်းဖြစ်ပြီး ကျည်တောင်ကျေးရွာ ရေဘေးရှောင်စခန်းမှ ရေဘေးသင့်ပြည်သူများအား ယားနာ၊ သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဖက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊ လေးငန်းရောဂါ၊ ထုံနာကျဉ်နာရောဂါများ ကုသပေးခဲ့ပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့သည်။

**ထွန်းလင်း(ဇေယျာမြေ)**

## မိုင်းယန်းမြို့နယ်၌ နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်




**မိုင်းယန်း ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၉ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မိုင်းယန်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းသန့်က အမှာစကားပြောကြားပြီး နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ပြည်သူ ၃၉ ဦးအား ထောက်ပံ့ငွေချီးမြှင့်ပေးအပ်ခဲ့သည်။

**ထွန်းထွန်းထူး**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာ တိုက်ရိုက်ဖြန့်ဖြူးပေးအပ်

**မော်လမြိုင်ကျွန်း ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သည့် တောင်သူများအား ဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာ တိုက်ရိုက်ဖြန့်ဖြူးပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဆင့် ယူရီးယားမြေသြဇာ ဖြန့်ဖြူးရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သည့် တောင်သူများ၏ စိုက်ပျိုးရေး လုပ်ငန်းများတွင် လိုအပ်လျက်ရှိသော ဓာတ်မြေသြဇာများအား တစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ပြည့်မီစေရေးအတွက် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တောင်သူများအား ယူရီးယားနှင့် ကွန်ပေါင်း ဓာတ်မြေသြဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။




**ရဲကိုမောင်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**



## "လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု" လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ "လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု" လူငယ်စကားဝိုင်းကို ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ်ရှိ အထက (စက်၊ စိုက်၊ မွေး) ကျောင်းနှင့် ဩဂုတ် ၂၉ ရက်တွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အထက(၁) ကျောင်းများ၌ ကျင်းပသည်။

အဆိုပါစကားဝိုင်းတွင် ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကိုအခြေပြုရန် လိုအပ်မှုများနှင့် စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## မှော်ဘီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆက်လက်ဆောင်ရွက်

**မှော်ဘီ ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဦးစီးမှူးရုံးမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဒေါ်မျိုးသူဇာနှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း(ငြိမ်း)ပင်စင်စားများအား UID နံပါတ်များ ထုတ်ပေးခြင်းနှင့် လိုအပ်သည့် Biometric ကောက်ယူခြင်း၊ Smart Card များ ပြုလုပ်ပေးခြင်းလုပ်ငန်းများကို ဆက်လက်ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဇော်(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

ဒါကြောင့်လည်း သမိုင်းဝင်အမွေအနှစ်တွေကို သမိုင်းရဲ့ သက်ရှိစာသင်ခန်းလို့ ခေါ်ဆိုကြတာဖြစ်ပါတယ်။ သမိုင်းဝင်အမွေအနှစ်တွေကို ကာကွယ်ထိန်းသိမ်းခြင်းဟာ မတူကွဲပြားမှုနဲ့ ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုတွေအပေါ် ပိုမိုလေးစားမှုရှိစေတယ်လို့ ယူနက်စကိုက ဆိုပါတယ်။ ဒီလိုတန်ဖိုးရှိလို့လည်း နိုင်ငံခြားခရီးသွားတွေ တခုတ်တရ လာရောက်လည်ပတ်နေကြတာ ဖြစ်ပါတယ်။ အခြားနိုင်ငံတွေမှာ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ သမိုင်းဝင်နေရာတွေကို ဂရုတစိုက်ထိန်းသိမ်းပြီး နိုင်ငံခြားခရီးသွားတွေကို ဆွဲဆောင်နေကြလို့ နှစ်စဉ်ဝင်ငွေဒေါ်လာသန်းပေါင်းများစွာ ဝင်နေကြပါတယ်။

ခရီးသွားလုပ်ငန်း တိုးတက်လာတာနဲ့အတူ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင်လုပ်ကြပါတယ်။ အခုတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသမှာ သမိုင်းဝင်အမွေအနှစ်တွေရှိပါလျက် ဒီအခွင့်အရေးကို အသုံးပြုရမယ့်အစား ပြန်အစားထိုးလို့မရတဲ့ အမွေအနှစ်တွေကို ဖျက်ဆီးနေကြတာဟာ တိုင်းပြည်၊ လူမျိုး၊ ဒေသအကျိုးအတွက် မဟုတ်ပါဘူး။

နိမ့်ပါးတဲ့ အသိပညာနဲ့ အတွေးအခေါ်အပေါ် အခြေခံတဲ့ လက်နက်ကိုင်လမ်းစဉ် နဲ့ တော်လှန်ရေးလုပ်နေတာဟာ ဘာရည်ရွယ်ချက်လဲလို့ မေးရမလိုပါပဲ။ လက်နက်ကိုင်တိုက်ခိုက်မှုတိုင်းက တော်လှန်ရေးလို့ ပြောလို့မရပါဘူး။ တော်လှန်ရေးနဲ့ အကြမ်းဖက်မှုဟာ ရည်ရွယ်ချက်မတူဘူး၊ လုပ်ဆောင်ချက်မတူဘူး။ ဒါကြောင့် ထွက်လာတဲ့ရလဒ်ကလည်း မတူနိုင်ပါဘူး။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်နဲ့လုပ်တာဟာ အကြမ်းဖက်မှုပါပဲ။

**ဂုတ်ထိပ်တံတားကြီးဟာ အင်္ဂလိပ်တို့ တည်ဆောက်ခဲ့ပေမယ့် တည်ရှိတာက မြန်မာနိုင်ငံမှာပါ။ ပိုင်ဆိုင်တာက မြန်မာနိုင်ငံသားတွေ ဖြစ်ပါတယ်။ ဒါကြောင့် အစဉ်အဆက်ထိန်းသိမ်းကာကွယ်ကြရမှာက မြန်မာနိုင်ငံသားတွေပဲ ဖြစ်ပါတယ်။ ဒီတံတားကြီးရဲ့ အသုံးဝင်မှု၊ တည်ဆောက်စဉ်ကာလက နည်းပညာအဆင့်အတန်းမြင့်မားမှု၊ ကမ္ဘာ့အဆင့်အတန်းမီမှု၊ ရှားပါးမှု၊ နိုင်ငံရဲ့အမှတ်သရုပ်ဖြစ်မှု စတဲ့ တန်ဖိုးတွေဟာ ငွေကြေးတန်ဖိုးနဲ့ တိုင်းတာလို့မရနိုင်ပါဘူး**

ဂုတ်ထိပ်တံတားကြီးဟာ ကမ္ဘာသိတဲ့ နိုင်ငံ့အမွေအနှစ်တစ်ခုဖြစ်သလို ရှမ်းပြည်နယ်(မြောက်ပိုင်း) သယ်ယူပို့ဆောင်ရေးအတွက်လည်း အားထားရတဲ့ ရထားလမ်းတစ်ခုအဖြစ် အကျိုးပြုနေတာပါ။ ဒေသအတွက်၊ ဒေသခံတိုင်းရင်းသားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။ တံတားကြီးရဲ့ နှစ်ပေါင်း ၁၂၅ နှစ်အတွင်း ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်နဲ့ ဂျပန်တို့ ဖျက်ဆီးခံရတာကလွဲရင် ဒီတံတားကြီးကို ဘယ်သူမှ မဖျက်ဆီးခဲ့ပါဘူး။

### အဖျက်သမားဆိုတာက ဖျက်ဆီးဖို့ သက်သက်သာကိုပဲ သိတဲ့သူ

TNLA ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလတုန်းကလည်း သီပေါမြို့ရဲ့ အဝင်ဆိုင်းဘုတ်မုခ်ဦးကို ပြောင်းလဲပစ်ခဲ့ပါတယ်။ အဲဒီလိုလုပ်လိုက်တဲ့အတွက် တိုင်းရင်းသားလူမျိုးတွေအကြား မလိုလားအပ်တဲ့ စိတ်ဝမ်းကွဲမှုဖြစ်နိုင်တာကို TNLA မစဉ်းစားခဲ့ပါဘူး။ အမြင်ကျဉ်းမြောင်းမှုနဲ့ အသိတရားနည်းပါးမှုလို့ပဲ ဆိုရမှာပါ။ အခုတစ်ခါ ထပ်ပြီး နိုင်ငံရဲ့ရှေးဟောင်းအမွေအနှစ်တစ်ခုကို ဆင်ခြင်တုံတရားမရှိ ဖျက်ဆီးပြန်ပါပြီ။ ဒါကြောင့် အဖျက်သမားဆိုတာက ဖျက်ဆီးဖို့ သက်သက်သာကိုပဲ သိတဲ့သူပါ။ ဖြစ်လာမယ့် အကျိုးဆက်တွေကို မသိနားမလည်သလို ဂရုလည်း မစိုက်ကြပါဘူး။

အဖျက်သမားတွေရဲ့ အဖျက်စိတ်နဲ့ အမြင်ကျဉ်းမြောင်းမှုကြောင့် သူတို့အပေါ် ယုံကြည်ဖို့ ခက်ခဲပါတယ်။ ဒီကနေ့ တိုင်းရင်းသားအားလုံးနဲ့ ပြည်သူတစ်ရပ်လုံးက လိုလားနေတဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ထာဝရငြိမ်းချမ်းရေး၊ နိုင်ငံတည်ဆောက်ရေး လုပ်ဖို့ဆိုရင် အပြုသဘောစိတ်၊ အပြုသဘောလုပ်ရပ်ရှိမှသာ ယုံကြည်မှုတည်ဆောက်နိုင်ပါလိမ့်မယ်။ ။

# ဖိုရမ်ကျင်းပတဲ့အတွက် တစ်နိုင်ငံလုံးက လူငယ်တွေ တစ်ဦးနဲ့တစ်ဦးတွေ့ဆုံခွင့်ရတယ်။ အမြင်သဘောထားတွေ၊ သိရှိတာတွေကို ဖလှယ်ခွင့်ရတယ်။ နိုင်ငံအတွက် ဘယ်လိုရှေ့ဆက်လျှောက်မယ်၊ ဘယ်လိုဆောင်ရွက်ချင်တယ်ဆိုတဲ့ နည်းလမ်းတွေကို လူငယ်တွေ ကိုယ်တိုင်ပါဝင်ပြီး ဆွေးနွေးခွင့်ရတဲ့ ဖိုရမ်တစ်ခုပါ။ ပြီးတော့ တစ်နေရာစီ နေထိုင်ကြတဲ့ တိုင်းရင်းသားလူငယ်တွေ တစ်စုတစ်စည်းတည်း စုစည်းတွေ့ဆုံခွင့်ရတာဟာ ဘာနဲ့မှလဲလို့မရတဲ့ ဆုလာဘ်တစ်ခုပါ

မောင်ယိန်းတိန့် (ကချင်ပြည်နယ်)

**အရိပ်လို အပင်ပျိုးရသည်။ ရင့်မာအပွေးတက်ဖို့ အချိန်ယူရသည်။ ဆိုခဲ့ပါ နိယာမနှင့်အညီ အနာဂတ်ကိုပိုင်စိုးမည့်၊ နောင်တစ်ခေတ်တွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ပြည်မှုရေးရာကိစ္စအဝဝကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် လူငယ်ခေါင်းဆောင်လောင်းလျာများကို ကမ္ဘာ့နိုင်ငံအသီးသီးမှ စနစ်တကျပြုစုပျိုးထောင်လေ့ရှိကြသည်။**

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် လူငယ်ဖွံ့ဖြိုးရေး စီမံကိန်းများကို အမြော်အမြင်ရှိရှိ စီမံဆောင်ရွက်၍ စနစ်တကျ ပြုစုပျိုးထောင်ပေးလျက်ရှိသကဲ့သို့ မြန်မာလူငယ်မောင်မယ်များ အနေဖြင့်လည်း ဗလငါးတန်ဖွံ့ဖြိုးရုံမက ပြောင်းလဲနေသော ကမ္ဘာကြီးတွင် မျိုးဆက်သစ်လူငယ်များ တက်ကြွစွာပါဝင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဖို့လိုသည်။

အဆိုပါ လိုအပ်ချက်နှင့်အညီ ပြန်ကြားရေး ဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) တို့ ပူးပေါင်း၍ မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် – ၂၀၂၅ ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

နိုင်ငံတကာရေးရာ၊ ပထဝီနိုင်ငံရေးနှင့် အမျိုးသားမဟာဗျူဟာနှင့် ပတ်သက်သည့် အခြေခံဗဟုသုတများ ရရှိစေရန်၊ လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် ဆက်သွယ်ရေး ကျွမ်းကျင်မှုအရည်အချင်းများ မြှင့်တင်ရန်၊ အပြန်အလှန် ဆွေးနွေးပြောဆိုမှုများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးနီးနှောမှုနှင့် ပြည်သူ့နီတိထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရန်၊ လူငယ်များ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်လမ်းကြောင်းများကို ရှုမြင်အဆိုပြုနိုင်စွမ်း မြှင့်တင်ရန်နှင့် အနာဂတ်တွင် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် လုပ်ငန်းအစီအစဉ်များအတွက် တက်ကြွသည့် လူငယ်ကွန်ရက်ကို ဖန်တီးပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်–၂၀၂၅ က မြန်မာလူငယ်များအတွက် မည်ကဲ့သို့ အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်မည်၊ မြန်မာ့အနာဂတ်အတွက် မည်သည့်အကျိုးရလဒ်ကို ဖော်ဆောင်နိုင်မည်၊ တက်ရောက်လာသည့် လူငယ်များက ဖိုရမ်အပေါ် မည်သို့ရှုမြင်သုံးသပ်ကြမည် ဆိုသည်တို့ကို သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းမှုများအား ကောက်နုတ်ဖော်ပြအပ်ပါသည်။


ဦးငွေးအောင်


ဒေါက်တာ နိုင်ဆွေဦး


Mr. Atul Aneja


Mr. Lorenzo Maria Pacini


မောင်ယိန်းတိန့်


မလုတ်နမ်


မောင်ထွန်းအာကာ


မနန်းစန်းလှဦး


မောင်ထက်ပိုင်


မကြည်မြင့်အေး

**ဦးငွေးအောင်**
**ရန်ကုန်တိုင်းဒေသကြီး**
**လူမှုရေးရာဝန်ကြီး**

ဒီနေ့ ဖိုရမ်ကို ကျင်းပတဲ့ရည်ရွယ်ချက်က ပြောင်းလဲနေတဲ့ ကမ္ဘာကြီးမှာ မျိုးဆက်သစ်လူငယ်တွေ တက်ကြွစွာပါဝင်နိုင်ရေးကို ကြိုတင်ပြင်ဆင်တဲ့ အနေနဲ့ နိုင်ငံတော်အဆင့် ကျင်းပခြင်းဖြစ်ပါတယ်။ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မီဒီယာ အတတ်ပညာ၊ သံတမန်ရေးရာနဲ့ ပြည်သူ့နီတိကျင့်စဉ်တွေကို လူငယ်တွေနဲ့ မိတ်ဆက်ပေးပြီး လက်တွေ့ကျတဲ့ ဖိုရမ်တစ်ခုအဖြစ် ကျင်းပသွားမှာ ဖြစ်ပါတယ်။ လူငယ်ဖိုရမ်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက မျိုးဆက်သစ် လူငယ်မောင်မယ်တွေ အားလုံးကို ဖိတ်ကြားပြီး ကျင်းပတာဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေက ပွင့်လင်းမြင်သာတဲ့ အမြင်တွေနဲ့ အနာဂတ်နိုင်ငံတော်ကြီးကို ဘယ်လိုထူထောင်ကြမလဲ ဆိုတာကို အတွေးသစ် အမြင်သစ်တွေနဲ့ ဆွေးနွေးသွားကြမှာ ဖြစ်တယ်။

လူငယ်ဖိုရမ်မှာ လူငယ်တွေရဲ့ စိတ်ကူးစိတ်သန်းတွေကို အဓိကထား ဆွေးနွေးသွားကြမှာ ဖြစ်တယ်။ ပြီးတော့ ဖိုရမ်တက်ရောက်တဲ့ ပြည်ထောင်စုတိုင်းရင်းသား မျိုးဆက်သစ် လူငယ်တွေကို ရန်ကုန်မြို့ရဲ့ အထင်ကရနေရာတွေကို လေ့လာရေးခရီးပို့သွားမယ့် အစီအစဉ်လည်း ရှိပါတယ်။

**ဒေါက်တာ နိုင်ဆွေဦး**
**ဒါရိုက်တာ၊ မြန်မာ့ပုံရိပ်**
**ဖော်ညွှန်းရေးအဖွဲ့**

အနာဂတ် နိုင်ငံတော်ကို ဦးဆောင်တဲ့နေရာမှာ လူငယ်တွေရဲ့အခန်းကဏ္ဍက အရေးကြီးပါတယ်။ လူငယ်တွေမှာ အတွေးအခေါ်မှန်ဖို့လိုတယ်၊ အယူအဆမှန်ဖို့ လိုပါတယ်။ Mindset လည်း မှန်ကန်ဖို့ လိုပါတယ်။ ဒီကနေ့ကမ္ဘာကြီးက အပြောင်းအလဲတွေ မြန်ဆန်တယ်။ ကမ္ဘာပေါ်မှာ အစွန်းရောက်ဝါဒတွေ အများကြီး ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ အစွန်းရောက်ဝါဒတွေ၊ နည်းလမ်းပေါင်းစုံက တိုက်ခိုက်လာမယ့် အန္တရာယ်တွေကို ကြိုတင်ကာကွယ်ရှောင်ရှားနိုင်ဖို့ လိုအပ်ပါတယ်။ ပြီးတော့ အားလုံးသိကြတဲ့အတိုင်း သတင်းစစ်ပွဲလိုမျိုး လူငယ်တွေရဲ့ စိတ်ကို ပြောင်းလဲစေနိုင်တဲ့ သတင်းတု၊ သတင်းမှားတွေ အများကြီး ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ လူငယ်တွေ အားလုံးအနေနဲ့ အတွေးမှန်၊ အမြင်မှန်နဲ့ Mindset မှန်ကန်စွာနဲ့ နိုင်ငံတော်ကို အနာဂတ်မှာ ဦးဆောင်သွားနိုင်ဖို့ အရေးကြီးပါတယ်။

ဒေသတွင်းကိုပဲ ကြည့်မလား၊ ကမ္ဘာကိုပဲကြည့်မလား၊ အများကြီး ပြောင်းလဲနေတာ တွေ့ရမှာ ဖြစ်ပါတယ်။ အနာဂတ်မှာ နိုင်ငံရေးလုပ်သည်ဖြစ်စေ၊ စီးပွားရေးလုပ်သည်ဖြစ်စေ ဘယ်လိုကဏ္ဍမှာမဆို လူငယ်တွေပါဝင်တဲ့အခါ ကမ္ဘာကြီးရဲ့ ပြောင်းလဲနေတဲ့ အနေအထားကို သိဖို့လိုပါတယ်။ ပြောင်းလဲနေတဲ့ ပထဝီမဟာဗျူဟာဆိုင်ရာကိစ္စ၊ ပထဝီနိုင်ငံရေးဆိုင်ရာကိစ္စတွေကို လူငယ်တွေ သိရှိထားဖို့လိုပါတယ်။ ဒီနေ့လို လူငယ်ဆိုင်ရာ ဖိုရမ်တွေ ကျင်းပခြင်းက လူငယ်တွေအတွက် အရေးကြီးတယ်လို့ ယူဆပါတယ်။

လူငယ်ဖိုရမ်တွေကို အရင်ကနဲ့မတူဘဲ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် လုပ်ဆောင်ပေးနေတာ တွေ့ရပါတယ်။ အနာဂတ်အတွက် ခေတ်ကိုတစ်ဆစ်ချိုးတဲ့ အနေအထားလို့ပြောလို့ရပါတယ်။ ဗဟုသုတကြွယ်ဝပြီး အတွေးသစ် အမြင်သစ်တွေနဲ့ မှန်ကန်တဲ့ အတွေးတွေ ရလာမှာ ဖြစ်တဲ့အတွက် လူငယ်တွေအတွက် အခွင့်အလမ်းတွေ အများကြီး စောင့်ကြိုနေတယ်လို့ ပြောချင်ပါတယ်။

**Mr. Atul Aneja**
**အိန္ဒိယနိုင်ငံမှ မဟာဗျူဟာရေးရာ**
**လေ့လာသုံးသပ်သူ**

ဒီနေ့ ကျင်းပတဲ့ ဖိုရမ်က မြန်မာနိုင်ငံအတွက်၊ လူငယ်တွေအတွက် အင်မတန် ကောင်းမွန်တဲ့ ဖိုရမ်တစ်ခု ဖြစ်ပါတယ်။ မြန်မာ့အနာဂတ်အတွက် ခေါင်းဆောင်ဖြစ်လာမယ့် လူငယ်တွေအတွက် ကောင်းမွန်တဲ့ အတွေ့အကြုံ၊ အခွင့်အလမ်းတွေ ဖန်တီးပေးတာလည်း ဖြစ်ပါတယ်။ ဒီနေ့လို ဖိုရမ်မျိုးက တစ်ခါကျင်းပပြီး ရပ်ထားလို့တော့ မရဘူး။ စဉ်ဆက်မပြတ်လုပ်ဆောင်သွားပြီး ကောင်းမွန်တဲ့ ရလဒ်တွေကနေ တစ်ဆင့်ကောင်းမွန်တဲ့ အရာတွေကို ဆက်လက် ဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။ တက်ရောက်လာတဲ့ လူငယ်တွေကလည်း စိတ်ဝင်တစားနဲ့ တက်တက်ကြွကြွ ပါဝင်တာကို တွေ့မြင်ရပါတယ်။

**Mr. Lorenzo Maria Pacini**
**ဆွစ်ဇာလန်နိုင်ငံ SUPDI မှ**
**တွဲဖက်ပါမောက္ခ**

မြန်မာနိုင်ငံရဲ့ လူငယ်ကဏ္ဍအတွက် ဒီလိုကျင်းပပေးတာ ကောင်းမွန်ပါတယ်။ ဖိုရမ်မှာ မြန်မာနိုင်ငံနဲ့ သက်ဆိုင်တဲ့၊ ဆက်စပ်နေတဲ့ ပထဝီစီးပွားရေး၊ ဗဟုဝင်ရိုးကမ္ဘာစတဲ့ နိုင်ငံရေးအခန်းကဏ္ဍအပေါ် လူငယ်တွေရဲ့ အမြင်တွေ၊ သူတို့ရဲ့ သဘောထားတွေကို သိရှိရမှာ ဖြစ်တဲ့အတွက် ကျေနပ်မိပါတယ်။ အခုလိုမျိုး ဖိုရမ်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။

**မောင်ယိန်းတိန့်(ကချင်ပြည်နယ်)**

ကျွန်တော်တို့ ရန်ကုန်မြို့ကို ရောက်တော့ တောင်ပေါ်အလှနဲ့ မတူတဲ့ မြို့ပြအလှကို တွေ့ရတဲ့အတွက် ရင်ထဲကြည်နူးမှုဖြစ်ရပါတယ်။ အခုလိုမျိုး လူငယ်ကဏ္ဍကို မြှင့်တင်ပေးတဲ့ဖိုရမ် ဆောင်ရွက်ပေးတာကို အထူးကျေးဇူးတင်ပါတယ်။ ဖိုရမ် ကျင်းပတဲ့အတွက် တစ်နိုင်ငံလုံးက လူငယ်တွေ တစ်ဦးနဲ့တစ်ဦး တွေ့ဆုံခွင့်ရတယ်။ အမြင်သဘောထားတွေ၊ သိရှိတာတွေကို ဖလှယ်ခွင့်ရတယ်။ နိုင်ငံအတွက် ဘယ်လိုရှေ့ဆက်လျှောက်မယ်၊ ဘယ်လိုဆောင်ရွက်ချင်တယ်ဆိုတဲ့ နည်းလမ်းတွေကို လူငယ်တွေ ကိုယ်တိုင်ပါဝင်ပြီး ဆွေးနွေးခွင့်ရတဲ့ ဖိုရမ်တစ်ခုပါ။ ပြီးတော့ တစ်နေရာစီ နေထိုင်ကြတဲ့ တိုင်းရင်းသားလူငယ်တွေ တစ်စုတစ်စည်းတည်း စုစည်းတွေ့ဆုံခွင့် ရတာဟာ ဘာနဲ့မှလဲလို့မရတဲ့ ဆုလာဘ်တစ်ခုပါ။

**မလုတ်နမ်(ကချင်ပြည်နယ်)**

ကျွန်မက ကချင်ပြည်နယ်က လချိတ်လူမျိုး ဖြစ်ပါတယ်။ အခုလိုအခမ်းအနားကို ပထမဆုံး တက်ရောက်ခွင့်ရတာ ဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ တစ်နိုင်ငံလုံးက လူငယ်အားလုံး စုစည်းတွေ့ဆုံခွင့်ရတာ ဖြစ်တဲ့အတွက် ပျော်ရွှင်မိပါတယ်။ ဖိုရမ်ကြီးတစ်ခုဖြစ်ဖို့ ငွေအင်အား၊ လူအင်အားနဲ့ အချိန်အများကြီး ပေးရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့လို ဖိုရမ်တစ်ခုဖြစ်ဖို့ စွမ်းဆောင်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ အတတ်ပညာရှင်၊ အသိပညာရှင် အားလုံးကို ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံမှာ သဘာဝဘေးအန္တရာယ်တွေ့ကြုံထားရတယ်၊ ပြီးတော့ နိုင်ငံရေးပဋိပက္ခတွေ ရှိနေသေးတယ်။ ဒီလိုအခြေအနေတွေ ရှိနေတဲ့အတွက် နိုင်ငံတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးအောင် ဆောင်ရွက်တဲ့ နေရာမှာ လူငယ်တွေအနေနဲ့ နိုင်ငံတော်နဲ့အတူ ပူးပေါင်းပါဝင်ဖို့ လိုပါတယ်။ ဒါမှသာ လှပတဲ့ နိုင်ငံတော်ကြီးကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

**မောင်ထွန်းအာကာ**
**(ကရင်ပြည်နယ်)**

မတူညီတဲ့ ဒေသတွေက လူငယ်တွေ တစ်နေရာတည်းမှာ စုရုံးပြီး အသိပညာတွေ ဖလှယ်၊ ဆွေးနွေး ပြောကြားခွင့်ရတဲ့

*စာမျက်နှာ ၁၁ သို့*

# တနင်္သာရီတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ



**ထားဝယ် ဩဂုတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာဗိုလ်လုပွဲစဉ်အဖြစ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မဟာရွှေဂုဏ်ထူး ကိုယ်ပိုင်အထက်တန်းကျောင်းအသင်းတို့ကို တံခွန်စိုက် ဆုဖလားနှင့် တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က အသင်းအလိုက် ဆုရရှိသူများနှင့် တစ်ဦးချင်းဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်း အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက် လွိုင်ကော်အနိမ့်ပိုင်းရပ်ကွက်များ ရေဘေးကာကွယ်

**လွိုင်ကော် ဩဂုတ် ၃၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဘီလူးချောင်းရေမြင့်တက်နေမှုကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ပန်ကန်း) နှင့် မိုင်းလုံးရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးခန်းများ၊ စာသင်ဆောင်များ၊ သိပ္ပံလက်တွေ့စမ်းသပ်ခန်းများ ပြန်လည်ပြုပြင်ပေးရန် လိုအပ်သည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘီလူးချောင်းရေမြင့်တက်နေမှုကြောင့် လွိုင်ကော်မြို့ အနိမ့်ပိုင်းရပ်ကွက်များတွင် ချောင်းရေဝင်ရောက်မှုမှ ကာကွယ်နိုင်ရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

အတွက်လည်း ကြည်နူးရပါတယ်။ ဒီလို တွေ့ဆုံဆွေးနွေးမှုတွေကနေ အကျိုးကျေးဇူးတွေ အများကြီး ရရှိစေမှာ အမှန်ပါ။ အထူးသဖြင့် လူငယ်တွေရဲ့ စည်းလုံးမှု ပူးပေါင်းအားနဲ့ နိုင်ငံအတွက် အခွင့်အလမ်းတွေ ပေါ်ထွန်းလာမယ်လို့ မြင်မိပါတယ်။ အခုလို ဖိုရမ်တွေများများ ဖော်ဆောင်ပြီး လူငယ်တွေအနေနဲ့ နိုင်ငံအတွက် ဆတက်ထမ်းပိုး အကျိုးပြုနိုင်ပါစေလို့လည်း ဆန္ဒပြုပါတယ်။

**မနန်းစန်းလှဦး(ကရင်ပြည်နယ်)**

နေရာဒေသ အသီးသီးက လူငယ်တွေရဲ့ စွမ်းအားကို ပေါင်းစည်းနိုင်ခြင်းအားဖြင့် ဒေသတွေဖွံ့ဖြိုးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမှာ အမှန်ပါ။ အခု ဖိုရမ်ဟာ တိုင်းရင်းသား လူငယ်ထုအားလုံးရဲ့ စည်းလုံးညီညွတ်မှုကို ထင်ဟပ်စေပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဆိုတာ မိသားစုတစ်ခုနဲ့ တူပါတယ်။ မိသားစု စည်းလုံးမှ စီးပွားတိုးတက်မှုနဲ့ အေးချမ်းသာယာမှုကို ရရှိစေတာကြောင့် မိသားစုဝင်တွေနဲ့ တူတဲ့ တိုင်းရင်းသားတွေလည်း တစ်ဦးနဲ့တစ်ဦး စာနာနားလည်ခွင့်လွှတ်ချစ်ကြည်မှုနဲ့ အတူလက်တွဲသွားမယ်ဆိုရင် နိုင်ငံအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှာပါ။ လူငယ်တွေရဲ့ အသိပညာကို ပေါင်းစည်းဖလှယ်ပေးနိုင်တဲ့ ဖိုရမ်ဖြစ်ပြီးတော့ တိုင်းပြည်ရဲ့ အင်အားအတွက် လူငယ်တွေရဲ့အားကို ပေါင်းစုနိုင်တဲ့ဖိုရမ်လို့ မြင်မိပါတယ်။

**မောင်ထက်ပိုင်**
**(ဧရာဝတီတိုင်းဒေသကြီး)**

အခုဖိုရမ်ကို တက်ဖို့အတွက် ဧရာဝတီတိုင်းဒေသကြီး ကနေ ရန်ကုန်ကို ရောက်တဲ့အခါ ရင်ထဲမှာ ဖော်ပြလို့မရတဲ့ ခံစားမှုတစ်ခုကိုရရှိပြီး ဝမ်းသာပီတိလည်း ဖြစ်ရပါတယ်။ နိုင်ငံတော်အနေနဲ့ အခုလို ခမ်းခမ်းနားနား ဖိုရမ်ကျင်းပပေးတာကို ကျွန်တော့်လိုပဲ လူငယ်တွေ အားလုံးက ကျေနပ်အားရနေမှာပါ။ ဒီဖိုရမ်ကနေ ခွန်အားတွေပိုပြီး ရရှိတယ်လို့ ခံစားရပါတယ်။

**မကြည်မြင့်အေး**
**(ဧရာဝတီတိုင်းဒေသကြီး)**

ကျွန်မတို့ နိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေ အားလုံးကို ကိုယ်တိုင် မြင်တွေ့ခွင့်ရတာကို ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ပြီးတော့ အားလုံးက ဖိုရမ်မှာသိရှိခဲ့ရတဲ့ မတူညီတဲ့ အတွေးအမြင်သစ်တွေကို ကိုယ့်နေရာဒေသတွေမှာ ပြန်လည်အသုံးချမှာဖြစ်တဲ့အတွက် ကောင်းမွန်တဲ့ဖိုရမ်တစ်ခုလည်း ဖြစ်ပါတယ်။ ဖိုရမ်မှာ တိုင်းရင်းသား မောင်နှမတွေရဲ့ အတွေးအမြင်၊ ပညာရှင်တွေရဲ့ အမြင်တွေကို မြင်တွေ့ရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေပါတယ်။ ကိုယ်တိုင်လည်း တက်တက်ကြွကြွ ပါဝင်သွားမှာဖြစ်ပါတယ်။ ဒီလို လူငယ်တွေအားလုံး တွေ့ဆုံဆွေးနွေးနိုင်ဖို့ အစစအရာရာ အဆင်ပြေအောင် စီမံဆောင်ရွက်ပေးသူတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။**သတင်းအဖွဲ့**

## အင်အား အသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့ည ၁၁ နာရီ ၃၅ မိနစ် ၃၀ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် ၁၁၁ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (ဖျာပုံမြို့၏ အရှေ့တောင်ဘက် မိုင် ၈၀ ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၅ ဒသမ ၂၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၄ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

❑ *ကျောဖုံးမှ*

ထိုသို့ ကြိုဆိုရာတွင် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဘင်ခရာအဖွဲ့များနှင့် ဒေသခံပြည်သူများက အေးသာယာမြို့မှ တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်း လမ်းမတစ်လျှောက် ဂုဏ်ပြုကြိုဆိုသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက၊ ကမ္ဘောဇဘဏ်၊ ကမ္ဘောဇ အုပ်စု တည်ထောင်သူနာယက ဦးအောင်ကိုဝင်းတို့ကလည်း တောင်ကြီးမြို့ Jasmine Taunggyi Hotel မှ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ Yangon Galacticos အားကစားအသင်း၏ ဆုဖလား အပ်နှင်းပွဲနှင့် ဂုဏ်ပြုပွဲကို တောင်ကြီးမြို့ Jasmine Taunggyi Hotel တွင် ယနေ့ညနေပိုင်းကကျင်းပရာ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဦးအောင်ကိုဝင်း၊ အဖွဲ့ချုပ် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ချန်ပီယံ Esports အားကစားသမားများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကထံ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ Yangon Galacticos အသင်းက Esports ကမ္ဘာ့ဖလားကြီးကို လွှဲပြောင်းအပ်နှံသည်။

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ကို KBZ Bank နှင့် KBZPay တို့မှ ၂၀၁၈ ခုနှစ်မှစတင်ကာ ပံ့ပိုးကူညီပေးခဲ့သည့်အပြင် ယခုကဲ့သို့ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံဆုရရှိစေရန်အတွက်လည်း တစိုက်မတ်မတ် ထောက်ပံ့ကူညီပေးခဲ့ရာ ယနေ့အထိ ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော် ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အပူပိုင်းမုန်တိုင်း "နောင်ဖ" ၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများ အနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

*◆ကျောဖုံးမှ*

ဘေးအန္တရာယ်ကင်းစွာဖြင့် အချိန်အခါမရွေး သွားလာနိုင်ရေးအတွက် အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် ပြင်ဦးလွင်- မိုးကုတ်နှင့် နောင်ချို-မိုးကုတ် ကားလမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးလုပ်ငန်း များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်စစ်ကြောင်းများအနေဖြင့် နောင်ချို - လောက်ဖန်း - ဟိုခို - ရတနာသိင်္ဂီသတ္တုမိုင်းတွင်း လမ်းကြောင်း၊ ပြင်ဦးလွင်-ကျောက်မဲလေး - သံဘို - ဟိုခို လမ်းကြောင်း၊ အုမ္မသီး-သုံးဆယ်- ဟိုခို - ရတနာသိင်္ဂီသတ္တုမိုင်းတွင်း လမ်းကြောင်းများဖြင့် စစ်ကြောင်းသုံးကြောင်းခွဲ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်း များကို ခက်ခက်ခဲခဲဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နောင်ချို- လောက်ဖန်း - ဟိုခို - ရတနာသိင်္ဂီသတ္တုမိုင်းတွင်း စစ်ကြောင်းသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားခဲ့သည့် ကုန်းသာရွာသစ်ကျေးရွာနှင့် စက်ရုံကျေးရွာ၊ ဇူလိုင် ၁၈ ရက်တွင် လောင်ဖန်း ဘိလပ်မြေစက်ရုံ၊ ၂၂ ရက်တွင် ခဲစံရွာနှင့် အင်ကြင်းကုန်းကျေးရွာ၊ ၂၆ ရက်တွင် ပန်းစုံကျေးရွာနှင့် ကြူအင်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း (နောင်ချို)နှင့် အသက်မွေးမှု အတတ်သင်စခန်း (ကောင်းမှုစခန်းခွဲ)၊ ၂၇ ရက်တွင် ဟိုနောင်ကျေးရွာ၊ ဩဂုတ် ၁ ရက်တွင် တော်မွန်းကျေးရွာ၊ ၂ ရက်တွင် နားနွဲ့ကျေးရွာ၊ ၃ ရက်တွင် ကြူကော်ကျေးရွာ၊ ၆ ရက်တွင် ဟိုခိုတို့အား အဆင့်ဆင့်သိမ်းပိုက်ရရှိခဲ့သည်။

အလားတူ အုမ္မသီး-သုံးဆယ်- ဟိုခို - ရတနာသိင်္ဂီသတ္တုမိုင်းတွင်း လမ်းကြောင်းမှ တပ်မတော်စစ်ကြောင်းသည် အကြမ်းဖက်သောင်းကျန်း သူများ ယာယီစိုးမိုးထားသည့်နေရာများအား အဆင့်ဆင့် ပြန်လည် တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ ဇူလိုင် ၂၄ ရက်တွင် ပြင်ဦးလွင်-နောင်ချို ကားလမ်းမကြီးပေါ်ရှိ အုမ္မသီးကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာ၊ ဆမ်ဆယ်ကျေးရွာနှင့် ကျောက်သုံးလုံးကျေးရွာ၊ ၂၅ ရက်တွင် လွယ်ငင်းကျေးရွာ၊ ၂၆ ရက်တွင် မြို့တွင်းကျေးရွာ၊ ၂၇ ရက်တွင် သုံးဆယ်ကျေးရွာ၊ ၂၉ ရက်တွင် သရက်ကုန်းကျေးရွာ၊ ရွှေကြာအင်း ကျေးရွာ၊ အထက်ကြူအင်းကျေးရွာ၊ ၃၀ ရက်နေ့တွင် အောက်ကြူ အင်းကျေးရွာ၊ ဩဂုတ် ၁ ရက်တွင် နမ့်ခေါက်ကျေးရွာ၊ တော်မွန်းကျေးရွာ၊ ဩဂုတ် ၂ ရက်တွင် ကုန်းညောင်ကျေးရွာ၊ ၄ ရက်တွင် ဟိုခဲကျေးရွာ၊ ၅ ရက်တွင် မြောက်ကုန်းကြီးကျေးရွာတို့အား ပြန်လည်သိမ်းပိုက် ရရှိခဲ့ပြီး ဩဂုတ် ၆ ရက်တွင် ဟိုခိုကျေးရွာအား အဆင့်ဆင့် ပြန်လည် တိုက်ခိုက် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထို့အတူ ပြင်ဦးလွင်-ကျောက်မဲလေး-သံဘို-ဟိုခို စစ်ကြောင်း သည် ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် သစ်တပင်ကုန်း၊ ဇူလိုင် ၃၁ ရက်တွင် ရပ်တော်မူ ကုန်း၊ ဩဂုတ် ၄ ရက်တွင် သံဘိုကျေးရွာ၊ ဇီးဖြူရေကျေးရွာနှင့် အင်းမ ကျေးရွာတို့အား အဆင့်ဆင့်ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ထို့နောက် တပ်မတော်စစ်ကြောင်းများအနေဖြင့် စစ်ကြောင်း နှစ်ကြောင်းပေါင်း၍ ဟိုခိုကျေးရွာမှ ဟန်ချက်ညီညီဖြင့် အကြမ်းဖက် သောင်းကျန်းသူများအား ဆက်လက်ချီတက်တိုက်ခိုက်ခဲ့ရာ ဩဂုတ် ၇ ရက်တွင် ချောင်းသာကျေးရွာ၊ ၁၁ ရက်တွင် မယ်ဟင်းကျေးရွာ၊ ၁၄ ရက်တွင် ကုန်းစံကျေးရွာနှင့် ကုန်းစံ (အကျဉ်းထောင်)၊ ၂၀ ရက် တွင် ဒိုးပင်ကျေးရွာ၊ ၂၃ ရက်တွင် လုံခန်းကျေးရွာ၊ ၂၄ ရက်တွင် နားခါးကျေးရွာ၊ ၂၆ ရက်တွင် ရတနာသိင်္ဂီမိုင်းတွင်းအနီးရှိ ရန်သူ့စခန်း ကုန်းနေရာများ၊ ၃၀ ရက်တွင် ရတနာသိင်္ဂီသတ္တုမိုင်းတွင်းနှင့် ဒေသ တစ်ဝိုက်အား အဆင့်ဆင့်သိမ်းပိုက်ရရှိခဲ့ပြီး နယ်မြေဆက်လက်ရှင်းလင်း သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလ တစ်လ ကျော် ကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲ ကြီး/ငယ် ၄၈ ကြိမ် ဖြစ်ပွားခဲ့ကာ ရန်သူ့အလောင်း ၂၄ လောင်းနှင့် လက်နက်မျိုးစုံ ၂၃ လက်နှင့် ဆက်စပ်ပစ္စည်း အမြောက်အမြား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းများအနေဖြင့် ထိခိုက် ကျဆုံးမှု အနည်းဆုံးဖြင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထို့အတူ နောင်ချို - ကျောက်မဲ လမ်းပိုင်းရှိ နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများအနေ ဖြင့် အဆိုပါဒေသအတွင်း နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အဆိုပါဒေသများအား ခေတ္တ စိုးမိုးထားသည့် ကာလအတွင်း အများပြည်သူ သွားလာလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မိုင်းထောင် ခြင်း၊ သစ်ပင်သစ်ကိုင်းများဖြင့် လမ်းပိတ်ဆို့ခြင်းများ၊ ကျေးရွာများ အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းများကြောင့် တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီး

*စာမျက်နှာ ၁၃ သို့*





အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် သုံးဆယ်ရွာအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် တွေ့ရစဉ်။





အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် အကျဉ်းဦးစီးဌာန(ကုန်းစံ)အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် အင်းမကျေးရွာအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ဇီးဖြူရေကျေးရွာအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ကုန်းစံစိုက်ပျိုးမွေးမြူရေးစခန်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် တွေ့ရစဉ်။



ဒိုးပင်ရွာ၌ အကြမ်းဖက်သမားများ အခိုင်အမာ ပြုလုပ်ထားသည့် မြေအောက်ဘန်ကာများအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိပြီးနောက် တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် ဟိုခိုရွာ အကျဉ်းထောင်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ဆောက်လုပ်ထားသည့် ကွန်ကရစ်ဘန်ကာအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိပြီးနောက် တွေ့ရစဉ်။

*စာမျက်နှာ ၁၂ မှ*

နေရာများနှင့် ပျက်စီးခဲ့သည့် လမ်းတံတားများအား လူအင်အားနှင့် စက်ယန္တရားများ အသုံးပြု၍ အများပြည်သူပြန်လည်အသုံးပြုသွားလာနိုင်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် အတားအဆီးများအား ဖယ်ရှားရှင်းလင်းခြင်း၊ မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို နေ့ညမပျက် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိရပ်ရွာအိုးအိမ်များတွင် အေးချမ်းစွာ ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည်ပတ်နိုင်ရေး၊ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက ပြည်သူလူထုအပေါ် အကြမ်းဖက်မှုများမရှိစေရေး၊ လက်နက်အားကိုးဖြင့် ပြည်သူကို အနိုင်ကျင့်ခြင်းများ၊ ဒေသဖွံ့ဖြိုးရေးကို ပျက်စီးစေသည့် အကြမ်းဖက်လုပ်ရပ်များ မရှိစေရေးတို့အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို အစဉ်တစိုက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နောင်ချို-အုမ္မသီး-ဟိုခို-မိုးကုတ် လမ်းပိုင်းနှင့် ပြင်ဦးလွင်-ကျောက်မဲလေး-သံဘို-ဟိုခိုလမ်းပိုင်း နေရာများအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိ။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ရတနာသိင်္ဂီသတ္တုမိုင်းတွင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



ရတနာသိင်္ဂီမိုင်းတွင်းရှိ MDY-PDF များ၏ Drop Bomb ပြုလုပ်သည့်နေရာအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



ဟိုခိုကျေးရွာအဝင်ရှိ အကြမ်းဖက်သမားများ ဆောက်လုပ်ထားသည့် အခိုင်အမာကွန်ကရစ်ဘန်ကာများအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ရန်သူ့စခန်းကုန်းနေရာများအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။





ရတနာသိင်္ဂီမိုင်းတွင်းရှိ MDY-PDF များ၏ Drop Bomb ပြုလုပ်သည့်နေရာအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများက ရန်သူ့ထံမှ လက်နက်ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိမှု။





တပ်မတော်စစ်ကြောင်းများက ရန်သူ့စခန်းကုန်းနေရာများအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။







## ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဖွန်ထန်ဝီချာရာချိုင်းအား ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်

**ဗန်ကောက် ဩဂုတ် ၃၀**

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပေထုံတန် ရှင်နာဝပ်ထရာကို ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံး၏ စီရင်ချက်အရ ရာထူးမှ ရပ်စဲလိုက်ပြီးနောက် ဩဂုတ် ၃၀ ရက်တွင် ဒုတိယဝန်ကြီးချုပ် ဖွန်ထန်ဝီချာရာချိုင်းကို ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ချူဆတ်ဆရီနီလ်က အစိုးရအဖွဲ့ အထူးအစည်းအဝေး အပြီးတွင် ပရိုမင်လက်ဆူရီဒက်အား ဝန်ကြီးချုပ်ရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ကြောင်း ကြေညာသည်။ အစိုးရအဖွဲ့သည် အကူးအပြောင်း ကာလတွင် တည်ငြိမ်မှုရှိစေရန် လုပ်ပိုင်ခွင့် အာဏာထက် ကျော်လွန်ခြင်း မရှိသည့် စည်းမျဉ်းစည်းကမ်း မူဘောင်များကို ချမှတ်အတည်ပြုခဲ့ကြောင်း ချူဆတ်က ပြောကြားသည်။

တရားရုံး၏ စီရင်ချက်ချမှတ်အပြီး ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လက်ရှိအစိုးရအဖွဲ့သည် အစိုးရအဖွဲ့သစ် တက်လာချိန်အထိ အိမ်စောင့်အစိုးရအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ထိုင်းနိုင်ငံအောက်လွှတ်တော် အထွေထွေ အတွင်းရေးမှူးရုံးက စက်တင်ဘာ ၃ ရက်မှ ၅ ရက် အတွင်း လွှတ်တော်အစည်းအဝေးကျင်းပနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များအား အကြောင်းကြားထားသည်။


ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသူ ဖွန်ထန်ဝီချာရာချိုင်း။

အောက်လွှတ်တော် ရုံးက ၂၀၂၃ ခုနှစ် မေလအထွေထွေ ရွေးကောက်ပွဲမတိုင်မီ တင်သွင်းထားသည့် ဝန်ကြီးချုပ်လောင်း အမည်စာရင်းအပေါ် မူတည်၍ ဝန်ကြီးချုပ်သစ်ကို မဲပေး ရွေးချယ်တင်မြှောက်ရန် စီစဉ်ထားသည်။

ဆင်ဟွာ

## ဂျပန်ဝန်ကြီးချုပ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့ ရှင်ကန်ဆန်ကျည်ဆန်ရထားဖြင့် ဆန်ဒိုင်းသို့ အတူသွားရောက်

**တိုကျို ဩဂုတ် ၃၀**

ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂီရူနှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် ရှင်ကန်ဆန်ကျည်ဆန်ရထားဖြင့် အတူတကွ ခရီးသွားခဲ့သည်ဟု သိရသည်။

အိန္ဒိယနိုင်ငံတွင် ဆောက်လုပ်ဆဲဖြစ်သည့် အမြန်ရထားလမ်းများအတွက် ရှင်ကန်ဆန်ရထားများစတင်မိတ်ဆက်ခြင်း ပူးပေါင်းဆောင်ရွက်မှုကို သဘောတူပြီးနောက် ခေါင်းဆောင်နှစ်ဦးသည် ဩဂုတ် ၃၀ ရက်တွင် တိုကျိုမှ ဆန်ဒိုင်းသို့ သွားရောက်ခဲ့ကြသည်။ ဂျပန်ဝန်ကြီးချုပ် အီရှီဘာသည် ကျည်ဆန်ရထား၏ လုံခြုံစိတ်ချရမှုနှင့် တိကျမှုတို့ မီးမောင်းထိုးပြခဲ့သည်။ အရှေ့ဂျပန် မီးရထားကုမ္ပဏီမှ ဥက္ကဋ္ဌဖြစ်သူ ဖူကာဆာဝါယူဂျီက ရှင်ကန်ဆန်ရထား မော်ဒယ်သစ်၏စွမ်းဆောင်ရည်နှင့်အခြားသော အင်္ဂါရပ်များအကြောင်းကို အကျဉ်းချုံးပြောကြားခဲ့သည်။





အရှေ့ဂျပန် မီးရထားကုမ္ပဏီ လေ့ကျင့်ရေးစင်တာတွင် လေ့ကျင့်နေသည့် အိန္ဒိယရထားမောင်းသူများက တိုကျိုဘူတာတွင် ၎င်းနှင့် မိုဒီကိုကြိုဆိုခဲ့ကြကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောသည်။ အိန္ဒိယနိုင်ငံသည် ကီလိုမီတာ ၅၀၀ ကွာဝေးသည့် မွမ်ဘိုင်းမြို့နှင့် အာမက်ဒါဘတ်မြို့ကို ဆက်သွယ်ရန် မြန်နှုန်းမြင့်ရထားလမ်း တည်ဆောက်နေသည်။ နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်ဝန်းကျင်တွင် ရှင်ကန်ဆန်ရထားများကို အိန္ဒိယနိုင်ငံ၌ မိတ်ဆက်ရန် စီစဉ်ထားသည်။

အင်န်အိတ်ချ်ကေ

## တစ်ကမ္ဘာလုံးဆိုင်ရာ ကာလဝမ်းရောဂါဖြစ်ပွားမှု ပိုမိုဆိုးရွားလာမှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထား

**ဂျီနီဗာ ဩဂုတ် ၃၀**

ပဋိပက္ခများနှင့် ဆင်းရဲမွဲတေမှုကြောင့် ကာလဝမ်းရောဂါဖြစ်ပွားမှုသည် နိုင်ငံအများအပြားတွင် ပိုမိုဆိုးရွားလာပြီး ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုဖြစ်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဩဂုတ် ၂၉ ရက်တွင် အစီရင်ခံစာတင်ပြခဲ့သည်။ ရောဂါဖြစ်ပွားမှု နောက်ဆုံးသတင်းများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁၇ ရက်အတွင်း နိုင်ငံပေါင်း ၃၁ နိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားသူပေါင်း ၄၀၉၀၀၀ ရှိပြီး သေဆုံးသူ ၄၇၃၈ ဦးရှိသည်ဟု သိရသည်။

မြေထဲပင်လယ်အရှေ့ပိုင်းဒေသတွင် ကာလဝမ်းရောဂါဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ပြီး အာဖရိကဒေသတွင် သေဆုံးမှုအများဆုံးဖြစ်သည်ဟု အချက်အလက်များအရ သိရသည်။ ပဋိပက္ခများ၊ အုပ်စုလိုက်ရွှေ့ပြောင်းနေထိုင်မှု၊ သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ကာလဝမ်းရောဂါပျံ့နှံ့မှုကို ပိုမိုဖြစ်ပေါ်စေသည်။ အထူးသဖြင့် အခြေခံအဆောက်အအုံ အားနည်းပြီး ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမှုနည်းပါးသော ကျေးလက်နှင့်ရေဘေးဒဏ်သင့်ဒေသများတွင် အဖြစ်များသည်။

ဘေးကင်းသောသောက်သုံးရေ၊ ကောင်းမွန်သော မိလ္လာစနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသည် လက်ရှိကာလဝမ်းရောဂါ အဆုံးသတ်ရန်နှင့် အနာဂတ်တွင် နောက်ထပ်မဖြစ်ပွားစေရန် ရေရှည်ဖြေရှင်းမှုနည်းလမ်းဖြစ်ကြောင်း၊ ကူးစက်မှုကိုနှိမ်နင်းရန် စောင့်ကြည့်မှုစနစ်များအားကောင်းရန်၊ သန့်ရှင်းသောရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးများ အားကောင်းရန်၊ ကာကွယ်ဆေးထိုးနှံပေးရန်နှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာအစီအမံများကို အကောင်အထည်ဖော်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားသည်။

ဆင်ဟွာ

## သီရိလင်္ကာ၌ ဘုရားဖူးယာဉ် တိမ်းမှောက် ၅၇ ဦးဒဏ်ရာရ

**ကိုလံဘို ဩဂုတ် ၃၀**

သီရိလင်္ကာနိုင်ငံအရှေ့ပိုင်း ပိုတူဗီးလ်ပြည်နယ်တွင် ဘုရားဖူးများ တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး ဩဂုတ် ၃၀ ရက်က တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၅၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့၏ပြောကြားချက်အရ သိရသည်။

ဘတ်စ်ကားတိမ်းမှောက်မှုကြောင့် သေဆုံးသူမှာ အသက် ၇၄ နှစ်အရွယ် အမျိုးသားဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသည့် ဘုရားဖူးခရီးသည်များကို ဆေးဝါးကုသမှုခံယူရန် ဒေသန္တရဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

သီရိလင်္ကာနိုင်ငံ၌ ဘတ်စ်ကားအပါအဝင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ယာဉ်မတော်တဆမှုပေါင်း ၂၄၀၃ မှု ဖြစ်ပွားခဲ့ရာ လူပေါင်း ၂၅၄၁ ဦး စံချိန်တင် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

## အာရှဖွံ့ဖြိုးရေးဘဏ်မှ ပါကစ္စတန်ရေဘေးအတွက် အမေရိကန်ဒေါ်လာ သုံးသန်း ကူညီပံ့ပိုး

**အစ္စလာမ္မာဘတ် ဩဂုတ် ၃၀**

ပါကစ္စတန်နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အရေးပေါ်အကူအညီ အမေရိကန်ဒေါ်လာ သုံးသန်း ကူညီပံ့ပိုးမည်ဖြစ်ကြောင်း ကြေညာသည်။

အာရှ-ပစိဖိတ် သဘာဝဘေးတုံ့ပြန်ရေးရန်ပုံငွေမှ ပေးအပ်မည့် အဆိုပါထောက်ပံ့ငွေသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး လုပ်ငန်းနှစ်ရပ်စလုံးအတွက် အထောက်အပံ့ပေးနိုင်ရန်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မာဆာတိုကန်ဒါက ဩဂုတ် ၂၉ ရက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ပြောကြားထားသည်။

ပါကစ္စတန်တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရေကြီးရေလျှံမှုကြောင့် အနည်းဆုံး လူ ၂၂ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၁ ဒသမ ၅ သန်းကျော် ရေဘေးသင့်ခဲ့ရကြောင်း အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေမှုကြောင့် အခြေအနေပိုမိုဆိုးရွားလာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံ၌ ရှစ်လအတွင်း လက်၊ ခြေထောက်နှင့် ပါးစပ်ရောဂါ ကူးစက်ခံရသူ လေးသောင်းနီးပါးရှိ

**မနီလာ ဩဂုတ် ၃၀**

ဖိလစ်ပိုင်နိုင်ငံ၌ ယခုသီတင်းပတ်အတွင်း အလွန်ကူးစက်မြန်သည့် လက်၊ ခြေထောက်နှင့် ပါးစပ်ရောဂါ (HFMD) ကူးစက်မှုပေါင်း ၂၅၂၅ ဦးရှိခဲ့ပြီး ဇန်နဝါရီလမှ ဩဂုတ် ၁၆ ရက်အထိ ကူးစက်ခံရသူ ၃၉၈၉၃ ဦးရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဩဂုတ် ၃၀ ရက်တွင် ထုတ်ပြန်သည်။

ကူးစက်မှုအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်မှာ အသက်တစ်နှစ်မှ သုံးနှစ်အရွယ်ကလေးငယ်များဖြစ်ကြောင်း ဝန်ကြီးဌာနက ဆိုသည်။ လက်၊ ခြေထောက်နှင့် ပါးစပ်ရောဂါကူးစက်မှု မြင့်လာမှုကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များအား ကူးစက်မြန်သည့် ဗိုင်းရပ်စ်ရောဂါကို သတိထားစောင့်ကြည့် ထိန်းချုပ်သွားရန် တိုက်တွန်းထားသည်။

HFMD သည် ပုံမှန်အားဖြင့် နို့စို့အရွယ်နှင့် ကလေးငယ်များကို ကူးစက်လေ့ရှိပြီး ဖျားခြင်း၊ ပါးစပ်အနာများဖြစ်ကာ နာကျင်ခြင်းနှင့် လက်၊ ခြေထောက်နှင့် တင်ပါးဆုံတို့တွင် အရည်ကြည်ဖုများထွက်ခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပေါ်စေသည်။ အဆိုပါရောဂါသည် ကူးစက်ခံထားရသူ၏ တံတွေး၊ သလိပ်၊ အရည်ကြည်ဖုရှိ အရည်များ သို့မဟုတ် မစင်နှင့် နီးကပ်စွာ ထိတွေ့မှုများမှတစ်ဆင့် ကူးစက်ပျံ့နှံ့တတ်ကြောင်း ထုတ်ပြန်ထားသည်။



ဆင်ဟွာ

# ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ပရိဝုဏ်အတွင်း သန့်ရှင်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



**မုံရွာ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကန့်ဘလူမြို့ရှိ မဟာရွှေစည်ကြီးစေတီတော် ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသူများအား ကန့်ဘလူခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်ရှိ ပြည်သူ့အငှားအိမ်ရာ ၈ ခန်းတွဲ ၄ ထပ် တည်ဆောက်နေမှု၊ ပြီးစီးမှုအခြေအနေ၊ အမှတ်(၃) ရပ်ကွက်ရှိ ဦးသောင်းငွေ မွေးမြူရေးခြံ၌ ပြာစိမ်းနွားမျိုးကောင်ရေ ၄၅၀ နှင့် ကျွဲကောင်ရေ ၅၀ မွေးမြူထားရှိမှု၊ အမှတ်(၂) ရပ်ကွက်ရှိ ဒေါ်သီတာလင်း၏ ခြံလှောင်စနစ်ဖြင့် အသားတိုးဝက်အကောင်ရေ ၂၀၀ ကျော် မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပဲခူးမြို့၌ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုမိတ်ဆက်



**ပဲခူး ဩဂုတ် ၃၀**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြုမိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲဝင်အသင်းများမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ခြင်းလုံးအားကစားနည်းသည် နည်းစနစ်ကိုအခြေခံပြီး တစ်ဦးချင်းကျွမ်းကျင်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်စွာ အပေးအယူမျှတမှု၊ သက်လုံနှင့် ကြံ့ခိုင်မှုတို့ပါ ပြည့်ဝရန်လိုအပ်သည့် အားကစားနည်းဖြစ်သည့်အပြင် ပြိုင်ပွဲဝင်များအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့်အညီ လိုက်နာပြီး မိမိတို့၏ပင်ကိုအရည်အသွေး၊ ဖြတ်ထိုးဉာဏ်အပေါ် လျှပ်တစ်ပြက်အသုံးချ၍ ယှဉ်ပြိုင်အနိုင်ယူ ကစားရသည့် ကစားနည်းတစ်ခုဖြစ်၍ မိမိတို့ကိုယ်စားပြုသည့် တိုင်းဒေသကြီး၊ ပြည်နယ်အောင်နိုင်ရေးအတွက် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီးက အိမ်ရှင်အဖြစ် စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ လက်ခံကျင်းပပြုလုပ်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အမျိုးသား ၁၀ သင်း၊ အမျိုးသမီး ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများ၊ မြို့နယ်ကျန်းမာရေးဌာနများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၀**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်နှင့် ကျိုင်းတောင်းမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် အပါအဝင် မြို့နယ်(၁၈)မြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့တို့၌ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက တက္ကသိုလ်များနှင့် အခြေခံပညာ ကျောင်းများအတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိပြည်သူ့ဆေးရုံနှင့် မိုင်းနောင်မြို့ရှိ ထူပါရုံစေတီ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံနှင့် ခရမ်းမြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာ၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံတို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# စားအုန်းဆီများ သတ်မှတ်ချက်များနှင့်အညီ ဖြန့်ဖြူးစေရေးနှင့် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချစေရေး ဆွေးနွေး

**ပုသိမ် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးရာဝန်ကြီးနှင့် စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့သည် ဩဂုတ် ၃၀ ရက် နံနက်က ဧရာဝတီတိုင်းဒေသကြီးတွင် စားအုန်းဆီဖြန့်ဖြူးလျက်ရှိသော ကုမ္ပဏီများနှင့် လက်ကား၊ လက်လီအရောင်းကိုယ်စားလှယ်များအား ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ပြည်သူများသို့ စားအုန်းဆီကို သတ်မှတ်ချက်များနှင့်အညီ ဖြန့်ဖြူးကြစေရေး၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချကြစေရေးနှင့် စားအုန်းဆီဖြန့်ဖြူးမှုလုပ်ငန်းစဉ်တစ်လျှောက် စနစ်တကျနှင့် မှန်ကန် စွာ ဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ မှာကြား သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း စားအုန်းဆီဖြန့်ဖြူးလျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် လက်ကား၊ လက်လီဆီ အရောင်းကိုယ်စားလှယ်များ စုစုပေါင်း ၁၇၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း - ၁၀)

# ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဂုဏ်ထူးဆောင်သုတေသနပညာရှင်များ (Professors, Researchers Emeritus for Agriculture)


ဒေါက်တာမျိုးကြွယ်(ပါမောက္ခချုပ် - ငြိမ်း)



ဂုဏ်ထူးဆောင်ပါမောက္ခ
ဒေါက်တာ မာတင်ကာပလပ်စ်



ဂုဏ်ထူးဆောင်ပါမောက္ခ
စတီဖင်ဟော့ကင်း




ဂုဏ်ထူးဆောင်ပါမောက္ခ
အဲလ်ဘတ်အိုင်းစတိုင်း

ယခုအပတ်တွင် စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များရှိ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဂုဏ်ထူးဆောင် သုတေသနပညာရှင်များ ခန့်အပ်ခြင်းနည်းစနစ်ကို ဆွေးနွေးလိုပါသည်။

စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များအတွက် ဘွဲ့လွန်သင်တန်းကျောင်း(Graduate School) နှင့်အတူ နိုင်ငံအကျိုးပြု စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဘွဲ့လွန်သုတေသနများနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူများစွာရရှိလာစေရန် လက်ရှိကြီးကြပ်သူ ဆရာဆရာမများနှင့်အတူ ဘွဲ့လွန်သုတေသနများကို ကြီးကြပ်လမ်းညွှန်နိုင်သော၊ အတွေ့အကြုံများစွာရှိသည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များမှာ အငြိမ်းစား ပညာရှင်များနှင့် ပြင်ပလုပ်ငန်း လုပ်ကိုင်နေသူ မဟာသိပ္ပံ၊ ပါရဂူဘွဲ့ရ ပညာရှင်များစွာ နိုင်ငံတစ်ဝန်းတွင် ရှိပါသည်။ ထိုအထဲမှ အချို့သည် နိုင်ငံအတွက်လိုအပ်သော ခေတ်မီစိုက်ပျိုး၊ မွေးမြူရေးသုတေသနများကို ကြီးကြပ်နိုင်စွမ်းရှိပါသည်။

နိုင်ငံတကာမှ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ သုတေသနပညာရှင်များအကြောင်း ဆွေးနွေးကြည့်ရအောင်ပါ။

### ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များတွင် ဂုဏ်ထူးဆောင်ပါမောက္ခ (Professor Emeritus) ခန့်အပ်ခြင်း၏ အရေးပါမှုနှင့် နမူနာများ

**ဂုဏ်ထူးဆောင်ပါမောက္ခ** (အမျိုးသားများအတွက် - အီမာရီတပ် (သို့မဟုတ်) အမျိုးသမီးများအတွက် - အီမာရီတာ) သည် အငြိမ်းစားယူပြီးသော ထူးချွန်ထက်မြက်သည့် ပညာရှင်များ၊ ပါမောက္ခများအား ဂုဏ်ပြုသောဘွဲ့ဖြစ်ပြီး ၎င်းတို့၏ ဘဝတစ်လျှောက် ပညာရေးလောကအတွက် ပံ့ပိုးမှုများကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်။ ဤဓလေ့သည် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များတွင် အခြေစိုက်ပြီး အဖွဲ့အစည်းနှင့် တစ်ဦးချင်း၊ တက္ကသိုလ်တစ်ကျောင်းချင်းအတွက် အကျိုးကျေးဇူးများစွာရှိပါသည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အရည်အချင်းများ**

**မူလအစ။** "Emeritus" ဟူသော စကားလုံးသည် လက်တင်ဘာသာမှ ဆင်းသက်လာပြီး **"ဂုဏ်ပြုမှုများဖြင့် အငြိမ်းစားယူသူ"**ဟု အဓိပ္ပာယ်ရပါသည်။

**အရည်အချင်း။** ပုံမှန်အားဖြင့် အချိန်ပြည့်ပါမောက္ခများအား ရာထူးမှ အနားယူပြီးနောက် (များသောအားဖြင့် ၁၀ နှစ်ကျော် တာဝန်ထမ်းဆောင်မှုပြီးမှ) ဂုဏ်ပြုခြင်းဖြစ်ပါသည်။ တက္ကသိုလ်မှ ဆရာ ဆရာမများမဟုတ်ဘဲ သုတေသနပညာရှင်၊ ပြင်ပစိုက်ပျိုးမွေးမြူရေးပညာရှင်များဖြစ်ပါက ဧည့်ပါမောက္ခ၊ ဧည့်ကထိက (Visiting Professors, Visiting Lecturers) ဟူ၍ အမည်ပေးခန့်အပ်နိုင်ပါသည်။

**ခန့်အပ်မှုလုပ်ငန်းစဉ်။** တက္ကသိုလ်ကြီးကြပ်မှုအဖွဲ့၊ တက္ကသိုလ်ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် သို့မဟုတ် အလိုအလျောက် ချီးမြှင့်နိုင်ပါသည်။ တစ်ခါတစ်ရံ ဂုဏ်ပြုပွဲ ကျင်းပပေးနိုင်ပါသည်။

**ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များအတွက် အရေးပါမှု**

**(က) တက္ကသိုလ်အဖွဲ့အစည်းဆိုင်ရာ အကျိုးကျေးဇူးများ**

**ကျွမ်းကျင်မှုများကို ထိန်းသိမ်းခြင်း။** အကြံဉာဏ်ပေးခြင်း၊ သုတေသနပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကျမ်းပြုစုရာတွင် အထောက်အကူပြုခြင်းများအတွက် အတွေ့အကြုံရှိ ပညာရှင်များနှင့် ဆက်သွယ်ပေးနိုင်ပါသည်။

**ဂုဏ်သတင်းမြှင့်တင်ခြင်း။** ထင်ရှားသော ဂုဏ်ထူးဆောင်ပါမောက္ခများနှင့် ဆက်စပ်မှုသည် လက်ရှိတက္ကသိုလ်၏ အဆင့်အတန်းနှင့် ဂုဏ်သတင်းကို မြှင့်တင်ပေးပါသည်။

**စရိတ်စကထိရောက်မှု။** ဂုဏ်ထူးဆောင်ပါမောက္ခ အချို့သည် လစာမယူဘဲ ပံ့ပိုးကူညီလေ့ရှိသောကြောင့် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးပါသည်။

**(ခ) စိုက်ပျိုးမွေးမြူရေး၊ ပညာရေးဆိုင်ရာ အဆက်အစပ်များ**

**သုတေသနဦးဆောင်မှု။** အချို့ ဂုဏ်ထူးဆောင်ပါမောက္ခများသည် သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ပြီး သုတေသနငွေကြေးရရှိရန် ဦးဆောင်နိုင်ပါသည်။

**သင်ကြားမှု။** အချို့တက္ကသိုလ်များတွင် အီမာရီတပ်ပါမောက္ခများအား အထူးစာသင်ပို့ချခွင့်ပြုပေးပါသည်။

**(ဂ) ကျောင်းသားဟောင်းများနှင့် ပြည်သူ့ဆက်ဆံရေး**

**သံတမန်အခန်းကဏ္ဍ။** ဂုဏ်ထူးဆောင်ပါမောက္ခများသည် တက္ကသိုလ်ကိုယ်စားပြု နိုင်ငံတကာ ဆွေးနွေးပွဲ၊ သုတေသနညီလာခံများတွင် ကိုယ်စားပြုနိုင်ပါသည်။

**ပံ့ပိုးကြီးကြပ်မှု။** အလုပ်သစ်ဝင်စ ဆရာ၊ ဆရာမများနှင့် ကျောင်းသားများအား လမ်းညွှန်မှုပေးနိုင်ပါသည်။

**အခွင့်အရေးများနှင့် စိန်ခေါ်မှုများ**

**(က) အခွင့်အရေးများ**

**ကျောင်းဝင်းအတွင်းရှိ အထောက်အပံ့၊ အခွင့်အလမ်း၊ အရင်းအမြစ်များကို အသုံးပြုခွင့်။** စာကြည့်တိုက်၊ ဓာတ်ခွဲခန်းနှင့် အီးမေးလ်စနစ်များ အသုံးပြုခွင့် ရရှိနိုင်ပါသည်။

**ပညာရေးလွတ်လပ်ခွင့်။** ဂုဏ်ထူးဆောင်ပါမောက္ခများသည် အုပ်ချုပ်ရေးတာဝန်များမရှိဘဲ လွတ်လပ်စွာ သုတေသနလုပ်နိုင်သည်။ ဘွဲ့လွန်ကျောင်းသားကျောင်းသူများကို ကြီးကြပ်လမ်းညွှန်ပေးနိုင်ပါသည်။

**(ခ) စိန်ခေါ်မှုများ**

**ပါဝင်မှုအဆင့်ကွဲပြားမှု။** အချို့ ဂုဏ်ထူးဆောင်ပါမောက္ခများသည် လုံးဝပါဝင်လှုပ်ရှားမှုမရှိဘဲ အချို့မှာ တက်ကြွစွာပါဝင်လေ့ရှိသည်။

**ငွေကြေးကန့်သတ်ချက်များ။** အချို့တက္ကသိုလ်များတွင် သုတေသနအတွက် ငွေကြေးပံ့ပိုးမှုနည်းပါးသည်။

**ကမ္ဘာတစ်ဝန်းမှ နမူနာများ**

**ဟားဗတ်တက္ကသိုလ် (အမေရိကန်) Harvard University, US:**

နိုဘယ်ဆုရှင် ဂုဏ်ထူးဆောင် ပါမောက္ခဖြစ်သူ ဒေါက်တာမာတင်ကာပလပ်စ် - ဓာတုဗေဒ (Prof. Dr. Martin Karplus - Chemistry) သည် သူ မကွယ်လွန်မီအထိ သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ တက္ကသိုလ်စာကြည့်တိုက်နှင့် ဓာတ်ခွဲခန်းများသို့ ဝင်ရောက်အသုံးပြုပြီး ကျောင်းသား ကျောင်းသူများကို ကြီးကြပ်ခဲ့ပါသည်။ ၎င်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ အသက် ၉၄ နှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ သူကွယ်လွန်ချိန်အထိ သိပ္ပံပညာရပ်နယ်ပယ်၌ တက်ကြွစွာလုပ်ဆောင်ခဲ့ပြီး ၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် စာတမ်းများ ထုတ်ဝေခဲ့သည့်အပြင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ကွယ်လွန်ပြီးနောက် ထုတ်ဝေခဲ့သော စာတမ်းတစ်စောင်ပင် ရှိခဲ့ပါသည်။

သူသည် ၂၀၁၃ ခုနှစ်တွင် **"ရှုပ်ထွေးသော ဓာတုစနစ်များအတွက် multiscale မော်ဒယ်များ တီထွင်ခြင်း"**ဖြင့် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကို ပူးတွဲရရှိခဲ့သူဖြစ်သည်။ သူ၏လုပ်ဆောင်ချက်များသည် ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒတို့ကို ပေါင်းစည်းပေးခဲ့ပြီး ယင်းနယ်ပယ်များအကြားရှိ ကွာဟချက်ကို လျှော့ချပေးခဲ့ပါသည်။ သူ၏ အမွေအနှစ်များထဲတွင် "Karplus equation" ဟု လူသိများသည့် ညီမျှခြင်းနှင့် CHARMM ကွန်ပျူတာပရိုဂရမ်တို့ ပါဝင်သည်။

*စာမျက်နှာ ၁၇ သို့*

❖ **စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များအတွက် ဘွဲ့လွန်သင်တန်းကျောင်း(Graduate School) နှင့်အတူ နိုင်ငံအကျိုးပြု စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဘွဲ့လွန်သုတေသနများနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူများစွာ ရရှိလာစေရန် လက်ရှိကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ ဘွဲ့လွန်သုတေသနများကို ကြီးကြပ်လမ်းညွှန်နိုင်သော အတွေ့အကြုံများစွာရှိသည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များမှာ အငြိမ်းစားပညာရှင်များနှင့် ပြင်ပလုပ်ငန်းလုပ်ကိုင်နေသူ မဟာသိပ္ပံ၊ ပါရဂူဘွဲ့ရပညာရှင်များစွာ နိုင်ငံတစ်ဝန်းတွင် ရှိပါသည်။ ထိုအထဲမှ အချို့သည် နိုင်ငံအတွက် လိုအပ်သော ခေတ်မီစိုက်ပျိုး၊ မွေးမြူရေးသုတေသနများကို ကြီးကြပ်နိုင်စွမ်းရှိ**

*စာမျက်နှာ ၁၆ မှ*

**ကိန်းဘရစ်တက္ကသိုလ်(ယူကေ) Cambridge University, UK:**

ပါမောက္ခ စတီဖင်ဟော့ကင်း (Stephen Hawking) သည် မသန်စွမ်းဖြစ်နေသော်လည်း လူကေးရှန်း ဂုဏ်ထူးဆောင်ပါမောက္ခ (Lucasian Professor Emeritus) ဘွဲ့ကို ရရှိခဲ့ပြီး အငြိမ်းစား ယူပြီးနောက်တွင် ဤတက္ကသိုလ်၌ ဆက်လက် သင်ကြား၊ သုတေသနပြုနေခဲ့ပါသည်။ ၂၀၁၈ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

**တိုကျိုတက္ကသိုလ်(ဂျပန်) Tokyo University, Japan:**

ဤတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခများ သည် နိုင်ငံတော်၏ သိပ္ပံနည်းကျမူဝါဒများ (National Scientific Policy) ရေးဆွဲရာတွင် ပါဝင် ကူညီနေပါသည်။

**စင်ကာပူ အမျိုးသားတက္ကသိုလ် (NUS National University of Singapore):**

ဤတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခများ သည် အာဆီယံသုတေသနလုပ်ငန်းများတွင် ပါဝင် ကူညီနေပါသည်။

**နည်းပညာတက္ကသိုလ်၊ ဇူးရစ်၊ ဆွစ်ဇာလန် ETH Zurich, Switzerland :**

ကမ္ဘာ့နာမည်ကြီးပုဂ္ဂိုလ် အဲလ်ဘတ်အိုင်းစတိုင်း (Albert Einstein) သည် ဤတက္ကသိုလ်မှ ဂုဏ်ထူး ဆောင် ပါမောက္ခဘွဲ့ရရှိခဲ့သူဖြစ်ပြီး ၁၉၅၅ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ယခုအခါ ဤတက္ကသိုလ်ရှိ ဂုဏ်ထူးဆောင်ပါမောက္ခများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သုတေသနများကို ဦးဆောင်လျက်ရှိပါသည်။

**ကမ္ဘာ့အကောင်းဆုံး စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် အချို့မှ ဂုဏ်ထူးဆောင်ပါမောက္ခများ**

**(က) အမေရိကန်နိုင်ငံ**

(က-၁) လယ်ယာသီးနှံဂုဏ်ထူးဆောင်ပါမောက္ခ ကင်းနက်စ်ကပ်မန်း၊ နီဘရားစကား တက္ကသိုလ် (Emeritus Professor of Agronomy, Prof. Kenneth G. Cassman – University of Nebraska–Lincoln, USA)

အထူးပြုဘာသာ – သီးနှံဂေဟဗေဒ၊ နိုက်ထရိုဂျင် စီမံခန့်ခွဲမှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှု။

(Known for research on crop ecology, nitrogen management, and global food security)

(က-၂) ဂုဏ်ထူးဆောင်ပါမောက္ခဒေါ်နယ်စပတ်ခ်၊ ဒီလာဝဲယားတက္ကသိုလ် (Prof. Donald Sparks– University of Delaware, USA)

အထူးပြုဘာသာ – အပင်နှင့် မြေဆီလွှာသိပ္ပံ အထူးသဖြင့် မြေဆီလွှာဓာတုဗေဒသုတေသီ။

(Distinguished Professor Emeritus of Plant and Soil Sciences, leading soil chemistry researcher)

(က-၃) ဂုဏ်ထူးဆောင်ပါမောက္ခ ဂျိန်းစ်ကော်ဖီ၊ ကင်တတ်ကီတက္ကသိုလ် (Prof. James R. Coffey– University of Kentucky, USA)

အထူးပြုဘာသာ – မွေးမြူရေးနှင့် အစားအစာ သိပ္ပံ အထူးသဖြင့် အသားစားနွားစီမံခန့်ခွဲမှု။

(Emeritus Professor of Animal and Food Sciences, worked extensively in beef cattle management)







ဂုဏ်ထူးဆောင်ပါမောက္ခ ဆွမိနသမ်နှင့် တည်ထောင်ပေးခဲ့သော သုတေသနဌာန။

**(ခ) ဥရောပနိုင်ငံများ**

(ခ-၁) ဂုဏ်ထူးဆောင်သိပ္ပံပညာရှင် ပါမောက္ခ အေခင်ဒိုဘားမန်း၊ ရော့သမ်စတက်သုတေသန၊ ယူကေ (Prof. Achim Dobermann – Rothamsted Research, UK; Former Director; now Senior Emeritus Scientist)

> **"ဂုဏ်ထူးဆောင်ပါမောက္ခ (အမျိုးသားများအတွက် - အီမာရီတပ် (သို့မဟုတ်) အမျိုးသမီးများအတွက် - အီမာရီတာ) သည် အငြိမ်းစား ယူပြီးသော ထူးချွန်ထက်မြက်သည့် ပညာရှင်များ၊ ပါမောက္ခများ အား ဂုဏ်ပြုသောဘွဲ့ဖြစ်ပြီး ၎င်းတို့၏ ဘဝတစ်လျှောက် ပညာရေး လောကအတွက် ပံ့ပိုးမှုများကို အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။ ဤဓလေ့သည် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များတွင် အခြေစိုက်ပြီး အဖွဲ့အစည်းနှင့် တစ်ဦးချင်း၊ တက္ကသိုလ်တစ်ကျောင်းချင်းအတွက် အကျိုးကျေးဇူးများစွာရှိ"**

အထူးပြုဘာသာ – မြေဆီလွှာအာဟာရဓာတ်၊ စပါးစိုက်ပျိုးနည်းစနစ်နှင့် အာဟာရဓာတ်စီမံခန့်ခွဲမှု။

(Specialist in soil fertility, rice systems, and nutrient management)

(ခ-၂) ဂုဏ်ထူးဆောင်ပါမောက္ခ ဟူးပတ်ဇိုက် ဂလာ၊ ဟိုဟင်ဟိုင်းတက္ကသိုလ်၊ ဂျာမနီ (Prof. Hubert Ziegler – University of Hohenheim, Germany)

အထူးပြုဘာသာ – သီးနှံဇီဝ ကမ္မဗေဒနှင့် လယ်ယာဂေဟဗေဒ ဂုဏ်ထူးဆောင်ပါမောက္ခ။

(Emeritus Professor in Crop Physiology and Agroecology)

**(ဂ) ဩစတြေးလျနှင့် အာရှတိုက် (Australia and Asia)**

(ဂ-၁) ဂုဏ်ထူးဆောင်ပါမောက္ခ တိုနီဖစ်ရှာ၊ ဩစတြေးလျအမျိုးသားတက္ကသိုလ်နှင့် ကွန်မွန်ဝယ် သိပ္ပံသုတေသနဌာန၊ ဩစတြေးလျ (Prof. Tony Fischer– CSIRO & Australian National University, Australia (Emeritus Scientist)

အထူးပြုဘာသာ – ဂျုံဇီဝကမ္မဗေဒနှင့် မျိုးမွေးမြူရေးနှင့် အထွက်နှုန်းဆိုင်ရာ ကမ္ဘာကျော်သိပ္ပံပညာရှင်။

(Renowned for work in wheat physiology, breeding, and yield potential)

(ဂ-၂) ဂုဏ်ထူးဆောင်ပါမောက္ခ ဆွမိနသမ်၊ အိန္ဒိယစိုက်ပျိုးရေးသုတေသနတက္ကသိုလ်၊ အိန္ဒိယ (Prof. M.S. Swaminathan (1925–2023) – Indian Agricultural Research Institute & MSSRF, India)

၂၀၂၃ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ မြန်မာနိုင်ငံ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် လာရောက်လည်ပတ်ခဲ့ပြီး မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသော အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန (ACARE – Advanced Centre for Agricultural Research and Education) နှင့် စပါးဇီဝဥယျာဉ် (Rice Biopark) တို့ကို အိန္ဒိယအစိုးရ၏ အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သွားခဲ့ပါသည်။

အထူးပြုဘာသာ – အိန္ဒိယနိုင်ငံ၏ အစိမ်းရောင်တော်လှန်ရေးဖခင်ကြီးနှင့် စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်အများစု၏ ဂုဏ်ထူးဆောင်ပညာရှင်ကြီး။

(Often referred to as the "Father of India's Green Revolution"; held Emeritus positions at several Indian institutions.)

(ဂ-၃) ဂုဏ်ထူးဆောင်ပါမောက္ခ ယိုရှီဒါ၊ တိုကျိုတက္ကသိုလ်၊ ဂျပန် (Prof. Shouichi Yoshida– University of Tokyo, Japan) ၂၀၁၈ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

အထူးပြုဘာသာ – ဆန်စပါးဇီဝကမ္မဗေဒနှင့် အပင်မျိုးမွေးမြူရေး၏ ဦးဆောင်ဖခင်ကြီး၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန၏ ဂုဏ်ထူးဆောင်ပညာရှင်ကြီး။

(Emeritus Professor of Crop Science, pioneer in rice physiology and breeding: IRRI Emeritus Rice Scientist)

**(ဃ) အာဖရိကတိုက် (Africa)**

(ဃ-၁) ဂုဏ်ထူးဆောင်ပါမောက္ခ ဂျူးမား၊ ဟားဗတ်တက္ကသိုလ်နှင့် ကင်ညာနိုင်ငံ (Prof. Calestous Juma (1953–2017) – Harvard Kennedy School (Kenya/USA) ၂၀၁၇ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

အထူးပြုဘာသာ –အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုနှင့်မူဝါဒ၊ အာဖရိကတိုက် စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်သည်။

(Although mainly in international development and policy, he held honorary emeritus status and contributed to agricultural innovation in Africa)

(ဃ-၂) ဂုဏ်ထူးဆောင်ပါမောက္ခ အက်ဒီစီးနား၊ အီဗာဒန်တက္ကသိုလ်၊ နိုင်ဂျီးရီးယားနိုင်ငံ (Prof. Akin Adesina – University of Ibadan, Nigeria)

အထူးပြုဘာသာ – အာဖရိကဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးစီးပွားရေး မူဝါဒ ပိုင်းကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်သည်။

(later AfDB President; now holds emeritus recognition for contributions to agricultural economics and policy)

**စာရေးသူ၏ အတွေးတစ်စ**

နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် များကဲ့သို့ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ သုတေသန ပညာရှင်များစွာ မရှိသော်လည်း ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်အငြိမ်းစား ဆရာ ဆရာမကြီးများ၊ အငြိမ်းစားသုတေသနပညာရှင်များ မြန်မာနိုင်ငံ၌ ရှိနေပါသည်။ ဤပုဂ္ဂိုလ်များ၏ နှစ် ၃၀၊ ၄၀ ထမ်းဆောင်ခဲ့သော အတွေ့အကြုံများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဖြည့်တင်းပေးနိုင်မည်ဟု စာရေးသူ ယုံကြည်နေမိပါသည်။ ။

## နတ်မောက်မြို့၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဉာဏ်စမ်းပြိုင်ပွဲကျင်းပ



**နတ်မောက် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ သဘာဝဘေးအန္တရာယ် အသိပညာပေး ဉာဏ်စမ်းပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်က လူထု အခြေပြုဗဟိုဌာန၌ ကျင်းပသည်။

**ကျောင်းသုံးဗလာစာအုပ် ချီးမြှင့်**

ဉာဏ်စမ်းပြိုင်ပွဲတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှိုင်မိုးဝေက သဘာဝဘေးအန္တရာယ်နှင့် ငလျင်ဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပြီး သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် ဉာဏ်စမ်းမေးခွန်းများကို ကျောင်းသား ကျောင်းသူများအား မေးမြန်းခဲ့ရာ မေးခွန်းများအား ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးဗလာစာအုပ်များကို ဆုအဖြစ် ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

လှဝင်း

## ငှက်ပျောနှင့် ဖေဒါအခြေခံတန်ဖိုးမြှင့်ထုတ်ကုန် နည်းပညာသင်တန်းဆင်း

**အမရပူရ ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်း၌ ဩဂုတ် ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့ ပူးပေါင်းဖွင့်လှစ်သည့် ငှက်ပျောနှင့် ဖေဒါအခြေခံတန်ဖိုးမြှင့်ထုတ်ကုန် နည်းပညာသင်တန်းဆင်းပွဲကို ကျင်းပသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိမိစိုးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူ သင်တန်းသူများကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဒေါ်မမနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့တို့က ဆုများချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် သင်တန်းဆရာများဖြစ်သည့် Green Banana (myanmar) ရန်ကုန်မှ ဦးမြင့်သိန်းနှင့် နည်းပြဆရာခြောက်ဦးတို့အား အမှတ်တရလက်ဆောင်များ ချီးမြှင့်သည်။

အခမ်းအနား အပြီးတွင် သင်တန်းသား သင်တန်းသူများ၏ ငှက်ပျော၊ ဖေဒါချည်များ အသုံးပြုရက်လုပ်ထားသော လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**စိုးသီဟ(အမရ)**

---

## အထက(တာချီလိတ်)ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**တာချီလိတ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဩဂုတ် ၂၈ ရက်က အခြေခံပညာအထက်တန်းကျောင်း (တာချီလိတ်)၌ ကျင်းပသည်။



ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးမြင့်သန်း(ရုပ်သံကျွမ်းကျင်-၃)က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အထက(တာချီလိတ်)ကျောင်း Grade-11 မှ မနွေးနွေးလှိုင်က လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ မအေးပြည့်ပြည့်ဖြိုးက လူငယ်နှင့် စာရိတ္တ၊ မအေးသဇင်ခိုင်က လူငယ်နှင့်အောင်မြင်ရေး၊ Grade-10 မှ မောင်ဝေယံထွန်းက လူငယ်နှင့်စာပေ၊ မောင်စိုင်းလှမင်းဝင်းက လူငယ်နှင့် အားကစား ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးကြသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

---

## ကသာမြို့၌ လူငယ်ရေးရာဆိုင်ရာ အသိပညာပေးဟောပြော

**ကသာ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အွန်လိုင်းငွေကြေးလိမ်လည်မှုဆိုင်ရာနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၈ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုဆိုင်ရာ အသိပညာပေးခေါင်းစဉ်ဖြင့် ဟောပြောပြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ဒေါ်ခင်ရတနာစိုးက လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာနမှ ပေးပို့လာသည့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ငွေကြေးလိမ်လည်မှု ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

**ကျော်စွာ(ကသာ)**



---

## မတ္ထီလာမြို့နယ်၌ စည်းလုံးညီညွတ်မှုဖလား U-17 နှင့် U-13 ဘောလုံးပြိုင်ပွဲများ ကျင်းပ

**မတ္ထီလာ ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မတ္ထီလာမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသော မတ္ထီလာမြို့နယ် စည်းလုံးညီညွတ်မှုဖလား U-17 နှင့် U-13 ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မတ္ထီလာမြို့ အမှတ်(၅)ရပ်ကွက်ရှိ အ.ထ.က (စလွန်ဖြူ) ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းနှင့် အားကစားသစ္စာ အဓိဋ္ဌာန်ကို ရွတ်ဆိုခဲ့ကြသည်။ ထို့နောက် ခေတ္တမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်က အမှာစကားပြောကြားပြီး အဖွင့်ပွဲစဉ်အဖြစ် U-13 အ.ထ.က(စလွန်ဖြူ)အသင်းနှင့် အ.ထ.က(တောင်ပြုံးကြီး)အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။



အဆိုပါ စည်းလုံးညီညွတ်မှုဖလား ဘောလုံးပြိုင်ပွဲ၌ U-17 ပြိုင်ပွဲတွင် အသင်း ကိုးသင်း၊ U-13 ပြိုင်ပွဲတွင် အသင်း ၁၂ သင်းဖြင့် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

---



## ရမည်းသင်းမြို့နယ် ရွှေဒါးအစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ရမည်းသင်း ဩဂုတ် ၃၀**

ရမည်းသင်းမြို့နယ် ရွှေဒါးကျေးရွာ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ လူငယ်များ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာဟောပြောပွဲကို ဩဂုတ် ၂၆ ရက်က အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနန်းမိုးမိုးကြည်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်မျိုးက စာပေလေ့လာဖတ်ရှုမှု လူသားတိုင်းကို ကောင်းကျိုးပြု ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---



## ကန့်ကြီးထောင့်မြို့နယ်၌ သီးနှံနစ်နာကြေးငွေပေးအပ်

**ကန့်ကြီးထောင့် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်၌ ပိုက်လိုင်းအစားထိုး လဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးခဲ့သော သီးနှံနစ်နာကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကားပြောကြားပြီး ညောင်တုန်း-သာပေါင်း ပိုက်လိုင်းအစားထိုး လဲလှယ်ခြင်းလုပ်ငန်းတွင် ပျက်စီးဆုံးရှုံးခဲ့သော သီးနှံနစ်နာကြေးငွေကို တာဝန်ရှိသူများက သက်ဆိုင်ရာ တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

---

■ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

■ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP) မှ တာဝန်ရှိသူများ မြန်မာ့ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံသည် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အကြိမ် (၄၀)မြောက် နည်းပညာကော်မတီ အစည်းအဝေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ရန်ကုန်မြို့၌ ကျင်းပလျက်ရှိသည်။

အဆိုပါအစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် Mr. Chandra Shekara Putte Gowda၊ အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖီဂျီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အီရန်နိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ စုစုပေါင်း ၁၄ နိုင်ငံမှ နည်းပညာကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်စံပြကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးကြသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေသော ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ သုတေသနဖွံ့ဖြိုးမှုဗဟိုဌာန (VFRDC) ကို ကြည့်ရှုစစ်ဆေးပြီး တစ်သျှူးကာချာ ခတ်ခွဲခန်းကိုလည်းကောင်း၊ ကျွဲကောသီးနှင့် ရုံးပတီသီး အော်ဂဲနစ်မျိုးစေ့ ထုတ်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် FUNHWA ကုမ္ပဏီလီမိတက်၏ နွားမွေးမြူရေးခြံသို့ သွားရောက်၍ ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် မွေးမြူထားသော နွားများကို လိုက်လံကြည့်ရှုကာ ကျေးရွာသောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေ ၆၀၀ စက်ရေတွင်းတူးဖော်၍ အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ပေးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အဆိုပါအဖွဲ့သည် လေးဒေါင့်ကန်မြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန၏ ငါးသားဖောက်စခန်းသို့ သွားရောက်၍ မွေးမြူထားရှိသော ငါးသားဖောက်များအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူတစ်ဦးက တိုင်းရင်းသားကျေးရွာ စတင်ပေါ်ပေါက်လာပုံနှင့် လက်ရှိဆောင်ရွက်နေမှုများကို ရှင်းလင်းပြသပေးကာ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများနှင့် ရိုးရာယဉ်ကျေးမှုအိမ်များကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သန်လျင်မြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**သန်လျင် ဩဂုတ် ၃၀**

သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသောဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးသန္တာထွန်းက အမှာစကားပြောကြားပြီး ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းဒန်နှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိတို့က အသိပညာပေး ဟောပြောကြပြီး အခမ်းအနားသို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ဇင်မာစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုလှိုင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## တောင်ငူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပညာပေး

**တောင်ငူ ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၈ ရက်က ကျင်းပရာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်သည်။

ထိုသို့ကျင်းပရာတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာကျော့ကျော့ရီက အမှာစကားပြောကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့်အား ရှေးဟောင်းသမိုင်းသုတေသီ စာရေးဆရာ သောင်းကေတုက ပထမဆုံး တောင်ငူ (တောင်ငူငယ်)နှင့် တောင်ငူကြီး (ဓညဝတီမြို့ဟောင်း)၊ ဒုတိယမြန်မာနိုင်ငံတော်တောင်ငူဒေသ၊ တောင်ငူမင်းဆက်ကို စတင်တည်ထောင်သူ မဟာသီရိဇေယျသူရ မင်းကြီးညို (၈၄၇-၈၉၂)၊ ကေတုမတီ(တောင်ငူ) မြို့တော်မြေပုံ၊ ကေတုမတီမြို့တည်နန်းတည်နှစ် (၅၀၀)ပြည့် ပွဲတော်၊ တောင်ငူခေတ် တောင်ငူမင်းဆက်များနှင့် ၎င်းတို့တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးများ၊ ဆင်ဖြူများရှင်ဘုရင့်နောင်မင်းတရားကြီးအကြောင်း၊ တောင်ငူခေတ်စစ်ပွဲများ၊ ယိုးဒယားပေါက်တည်နေရာနှင့် ယိုးဒယားဘုရင် ဖြနရာဇ် တောင်ငူလာတိုက်စဉ် ယိုးဒယားပေါက်တိုက်ပွဲ (AD- 1600) အကြောင်း၊ ၁၈၆၄ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်စစ်တပ် တည်ဆောက်ခဲ့သည့် မြို့လေးခံတပ်၊ တောင်ငူခေတ်နန်းတော်၊ ကမ္ဘောဇဒီနန်းတော် (ပဲခူးမြို့) အကြောင်းနှင့် တန်ဖိုးဖြတ်လို့မရသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ရှေးဟောင်းသမိုင်းသုတေသီ စာရေးဆရာ သောင်းကေတုက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

## ဒေါပုံမြို့နယ်၌ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ ဉာဏ်စမ်းနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများ ကျင်းပ

**ဒေါပုံ ဩဂုတ် ၃၀**

ဒေါပုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ပုံပြင်ပြောပြိုင်ပွဲ၊ ဉာဏ်စမ်းနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကို ဩဂုတ် ၂၈ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်စုဝေက စာဖတ်ရှိန် မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးဟောပြော၍ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပရာ ကျောင်းသားကျောင်းသူ ၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားသို့ တက်ရောက်ကြသည့်ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းနှင့် စကားပုံဆက် ဂိမ်းကစားနည်းများ ယှဉ်ပြိုင်ခဲ့သည်။

**ချစ်စုဝေ(ပြန်/ဆက်)**

## ဆီဆိုင်မြို့၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့

**ဆီဆိုင် ဩဂုတ် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံးမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်(MCCT)နှင့် အာဟာရ အသိပညာပေး ဆင့်ပွားသင်တန်းကို ဩဂုတ် ၂၈ ရက်က ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ဆောင်ရွက်သည်။

ဆင့်ပွားသင်တန်းတွင် ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးစန်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်(MCCT) လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ခင်ရတနာလှိုင်က အာဟာရ



အကြောင်းကို လည်းကောင်း အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

### လျှပ်စစ်ဓာတ်အားချွေတာရေး နည်းလမ်းများ

- ❄ ရုံးချိန်အတွင်း အလင်းရောက်ဝင်ရောက်နိုင်သော ပြတင်းတံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှုလျှော့ချရန်။
- ❄ လေဝင်နိုင်သော ပြတင်းတံခါးများ ဖွင့်လှစ်၍ လေအေးပေးစက်သုံးစွဲခြင်းနှင့် လျှပ်စစ်ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။
- ❄ ရုံးပြန်ချိန်တွင် မလိုအပ်သော လျှပ်စစ်မီးသုံးစွဲမှုများ ရှိ/မရှိ သေချာစိစစ်ရန်။

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၃၀**

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တို့နှင့် ပူးပေါင်း၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာ အေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူ ၂၈၂ ဦးတို့က မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်သို့ လှူဒါန်းပေးခဲ့ပြီး သွေးလှူရှင်များအား ခေတ္တပါမောက္ခချုပ်နှင့် ဒုတိယ



ပါမောက္ခချုပ်များက အာဟာရပြည့် အချိုရည်များနှင့် ကြက်ဥများ ပေးအပ်သည်။ **နေလင်းအောင်(ပြန်/ဆက်)**

## မြောင်းမြခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မြောင်းမြ ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဩဂုတ် ၂၈ ရက်က ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပရာ အ.မ.က ခါတော်မီကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



## ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ပုံပြောပြိုင်ပွဲပြုလုပ်

**ကိုကိုးကျွန်း ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ပုံပြောပြိုင်ပွဲ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က ပြိုင်ပွဲများပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ကျောင်းသားလူငယ်များအနေဖြင့် အသိပညာ အတတ်ပညာများ၊ အတွေ့အကြုံဗဟုသုတများရရှိစေရန် ပြိုင်ပွဲများကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မိမိတို့ဌာနမှ ပြုလုပ်ပေးသည့်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်စေလိုကြောင်း၊ လူငယ်များပြိုင်ပွဲတိုင်းကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် စကားပြောစွမ်းရည်နှင့် အများရှေ့တွင် ရဲဝံ့စွာပြောဆိုနိုင်သည့် အလေ့အကျင့်ကောင်းများရှိလာပြီး ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပုံပြောပြိုင်ပွဲကိုကျင်းပရာ ဝင်ရောက်ယှဉ်ပြိုင်သူ ၁၃ ဦးရှိပြီး ပုံပြောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက လက်ဆောင်များ ပေးအပ်သည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

## မုဒုံမြို့၌ သန့်ရှင်းသော အခြေခံပညာကျောင်းများ ဖြစ်ပေါ်စေရေး အသိပညာပေးဟောပြော

**မုဒုံ ဩဂုတ် ၃၀**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော အခြေခံပညာကျောင်းများဖြစ်ပေါ်စေရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အထက (၁) ကျောင်းရှိ ရှင်အရဟံခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မော်လမြိုင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်ဦးက စိမ်းလန်းစိုပြည်သောကျောင်းများ (Clean and Green School) အကောင်အထည်ဖော်ခြင်းဆိုင်ရာ အချက်အလက်များအကြောင်းကို ပြောကြားပြီး ဒုတိယဦးစီးမှူးက အမှိုက်စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ **ရာမည(ပြန်/ဆက်)**



## ပညာရေး(ဂျီအီးစီ)သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**မိုင်းဆတ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ပညာရေး (ဂျီအီးစီ) သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၉ ရက်က အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအားလွန်၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာခင်နှင့် အသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာလွင်တို့က အမှာစကား ပြောကြားပြီး စာရင်းစစ်အဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးရှင်းတမ်းနှင့် နှစ်ချုပ်အစီရင်ခံစာအား ဒေါ်သူဇာဝင်းက ဖတ်ကြားကာ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား ဒေါ်ဝါဝါဇော်က ဖတ်ကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်း၊ နှစ်ချုပ်



အစီရင်ခံစာနှင့် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာပါ ရှေ့လုပ်ငန်းစဉ်များကို အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ ဆောင်ရွက်ခဲ့သည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေး

**လှိုင်းဘွဲ့ ဩဂုတ် ၃၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်တွေ့စမ်းသပ် မဲပေးခြင်းတို့ကို လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

**လက်တွေ့စမ်းသပ်မဲပေး**



အဆိုပါ မဲပေးစက်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့် ပတ်သက်၍ မဲဆန္ဒရှင် ပြည်သူများ သိသင့်သိထိုက်သည့် အချက်များ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြုပုံ အဆင့်ဆင့်တို့ကို လက်တွေ့ပြသ ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်ကို မဲဆန္ဒရှင် ပြည်သူများက လက်တွေ့စမ်းသပ် မဲပေးခဲ့ကြကြောင်း သိရသည်။

**စောဒီ(ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**ဆိပ်ဖြူ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၂၉ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ထက်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဆရာမကြီး ဒေါ်စန်းစန်းက ကိုယ်ဝန်ဆောင်နှင့် သန္ဓေသားလောင်းကျန်းမာရေး၊ ကိုယ်ဝန်ဆောင်မိခင်များ အစာနှင့်အာဟာရပြည့်ဝမှု အစားအစာအုပ်စုများ အကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝေါလ်ဗွီးရှင်(မြန်မာ)ဆိပ်ဖြူဒေသ ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ကိုယ်ဝန်ဆောင်တစ်ဦးလျှင် ကိုယ်ဝန်ဆောင်အားဆေးနှင့် ကုလားပဲတစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံးစီတို့ကို ကိုယ်ဝန်ဆောင်မိခင် ၆၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## ရေချွေတာရေး နည်းလမ်းများ

❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။

❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။

❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများဖြင့် အသင်းသားတောင်သူ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု



**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်သည် တပ်ကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်သော မိုးစပါးဧကများကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ညွှန်ကြားရေးမှူးက နိုင်ငံတော်ထောက်ပံ့ငွေ၊ လူမှုစီးပွားမြှင့်တင်ရေး၊ သက်တန့်ရောင် စီမံကိန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေတို့ဖြင့် ရယူဆောင်ရွက်သည့် အသင်းများနှင့် ပတ်သက်သော စာရင်းဇယားများ ပြည့်စုံအောင် ဆောင်ရွက်ရန်၊ ဝန်ထမ်းများ ကွင်းဆင်းသွားလာရာတွင် မိမိကိုယ်ကို ဂရုစိုက်သွားလာကြရန်၊ မြို့နယ်သမဝါယမအသင်းစုမှ ခေတ္တစိုက်ထားသော ကာလလွန်ကြွေးကျန်ရှိသော အသင်းများမှ ချေးငွေများ အမြန်ဆုံးကောက်ခံရေး ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အောင်စိုးမိုး လယ်ယာ အထွေထွေသမဝါယမအသင်းမှ နိုင်ငံတော်ထောက်ပံ့ငွေ လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်)စီမံကိန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများဖြင့် အသင်းသားတောင်သူစိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းအခြေအနေများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

## ကျိုက်လတ်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်တွင် ဓာတ်မြေဩဇာအိတ်များ ပေးအပ်

**ကျိုက်လတ် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးစပါးရာသီ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်တွင် တောင်သူများအား



ဓာတ်မြေဩဇာအိတ်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးခြင်းနှင့် အရည်အသွေးမြင့် Drum Seeder များ တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးခြင်းအခမ်းအနားကို ဩဂုတ် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဇော်ထွန်းက အရည်အသွေးမြင့် Drum Seeder များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်တို့က ယူရီးယားဓာတ်မြေဩဇာအိတ်များနှင့် အရည်အသွေးမြင့် Drum Seeder များကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျိုက်လတ်(ပြန်/ဆက်)

## ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ



**ထားဝယ် ဩဂုတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ထားဝယ်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်း၍ စက်တင်ဘာ ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသော ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုသည်။

ယခုနှစ် အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "လေထုအရည်အသွေး ကောင်းမွန်ဖို့ အရှိန်မြှင့်တင် ဆောင်ရွက်စို့–Racing For Air" ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၃၉ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၀ တို့က ပါဝင်ယှဉ်ပြိုင်ဖြေဆိုကြပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များ၊ မုန့်များနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ဆင်ပေါင်ဝဲမြို့နယ်၌ အာဟာရဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် ကျောင်းတွင်း အာဟာရကျွေးမွေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဩဂုတ် ၂၈ ရက်က အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြုလုပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်



အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက KG ကျောင်းသား ကျောင်းသူများအား လက်ကိုဆပ်ပြာဖြင့် စနစ်တကျဆေးကြောသန့်စင်ပေးပြီး ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းနှင့် အာဟာရမုန့်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## ဒေါပုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်မြို့ ဒေါပုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန် ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူးစိုးမိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်မျိုးထွေးက အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကာ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် စုစုပေါင်း ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကလောမြို့၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ လျှော့ချသုံးစွဲရေး အသိပညာပေးဟောပြော

**ကလော ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မြို့နယ်ခန်းမ၌ တစ်ခါသုံး ပလတ်စတစ်အပါအဝင် ပလတ်စတစ်၊ စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမရှိစေရေးနှင့် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ လျှော့ချသုံးစွဲရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၈ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့ပေါ်ရပ်ကွက်နေ ဒေသခံပြည်သူများ တက်ရောက်သည်။

ဦးစွာ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလွင်က တစ်ခါသုံးပလတ်စတစ်အပါအဝင် ပလတ်စတစ်နှင့်စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ခြင်း၊ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ လျှော့ချသုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ ပလတ်စတစ် စွန့်ပစ်ပစ္စည်းအန္တရာယ်ဆိုင်ရာ အသိပညာပေး ဗီဒီယိုကလစ်ပြသခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

## ကျေးသီးမြို့နယ်၌ MCCT အာဟာရ အသိပညာပေး ဆင့်ပွားသင်တန်းကျင်းပ

**ကျေးသီး ဩဂုတ် ၃၀**

ကျေးသီးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသော (MCCT) အာဟာရအသိပညာပေး ဆင့်ပွားသင်တန်းအခမ်းအနားကို ဩဂုတ် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးတေဇာဖြိုးမင်းက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အာဟာရအသိပညာပေး ဆင့်ပွားသင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ MCCT အာဟာရအကြောင်းတို့ကို အသိပညာပေးရှင်းလင်းပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်မြတ်ဗိုလ်သူက ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက်ကလေးများအတွက် အာဟာရနှင့် ဆေးတိုက်ကျွေးမှု အသိပညာပေး ရှင်းလင်းပြောကြားကြောင်း သိရသည်။

စိုင်းငင်း(ပြန်/ဆက်)

# ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်းများသို့ ဆန်နှင့် လူသုံးကုန်ပစ္စည်းများပေးအပ်



နေပြည်တော် ဩဂုတ် ၃၀

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးဇေယျာလင်းတို့သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်းရှေ့ ရန်ကုန်-မန္တလေးလမ်းမကြီးတစ်လျှောက်တွင် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ ကွင်းအမှတ် (၁၇၂၀) ရှိ မိုးစပါးစိုက်ခင်းများတွင် ရေဝင်ရောက်ခဲ့မှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုကာ အဝေရာဆည်သို့ရောက်ရှိပြီး ဆည်ရေပိုလွှဲမှ ရေထုတ်လွှတ်မှုအခြေအနေ၊ အမှိုက်၊ ဒိုက်များဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သာယာစုကျေးရွာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရေဘေးသင့်တိရစ္ဆာန်များကို ကျန်းမာရေး စောင့်ရှောက်ပေးခြင်း အစီအစဉ်ဖြင့် ကျွဲ၊ နွား အကောင်ရေ ၃၁၀ အား ကာကွယ်ဆေးများ ထိုးနှံခြင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစုကျေးရွာ၊ ဇလုပ်တောင်ဘုန်းကြီးကျောင်းရှိ ရေဘေးရှောင်စခန်းသို့ သွားရောက်ကာ ရေဘေးရှောင်ပြည်သူများအားတွေ့ဆုံ၍အားပေးစကားပြောကြားပြီး ဇလုပ်တောင်ကျောင်း၊ အလိုတော်ပြည့်ကျောင်းနှင့်အင်းသာကျောင်းများရှိရေဘေးရှောင်စခန်းမှ လူဦးရေ ၁၄၀၀ ကျော်အတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုးငွေနှင့် စောင်များ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေလှောင်တမံရေကျော်မှု အခြေအနေနှင့် ကြံခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပင်လောင်းလမ်းဆုံအနီး ယခင်ရက်က ရေကျော်ခဲ့သည့် နေရာများတွင် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များအား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**



# ပုဂံမြို့ဟောင်းရှိ အာနန္ဒာမြတ်စွာဘုရားကြီး ကွမ်းတောင်တော်၊ အထွတ်စေတီ၊ မုခ်ကပ် ဆင်းတုတော် ၂၀ ရွှေသင်္ကန်းစတင်ကပ်လှူ

ညောင်ဦး ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အနန္ဒာမြတ်စွာဘုရားကြီးကွမ်းတောင်တော်၊ အထွတ်စေတီ၊ မုခ်ကပ်ဆင်းတုတော် ၂၀ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ယနေ့ နံနက်ပိုင်းက ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်သည်။

ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်ခြင်းအား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးဦးစီးကော်မတီ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီဝင်များက ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းအား တက်ရောက်ကပ်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် အာနန္ဒာမြတ်စွာဘုရားကြီး တောင်ဘက် အာရုံခံတန်ဆောင်းနှင့် စောင်းတန်းတို့အား မွမ်းမံခြင်းလုပ်ငန်းနှင့် ဘုရားကြီး၏ တောင်ဘက်အမိုးခုံးရှိ ရွှေများ၊ ရွှေမိုက်ထုတ်ရန် လုပ်ငန်းပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အာနန္ဒာမြတ်စွာဘုရားကြီး ကွမ်းတောင်တော်၊ အထွတ်စေတီ၊ မုခ်ကပ်ဆင်းတုတော် ၂၀ အား ရွှေသင်္ကန်းကပ်လှူပူဇော်နေပြီဖြစ်ရာ စေတနာရှင် ပြည်သူများအနေဖြင့် မည်သူမဆို ရွှေသင်္ကန်းပါဝင်လှူဒါန်းနိုင်ပြီး ရွှေဆိုင်းအရွက်ရေ တစ်ရာပါ တစ်ဆိုင်းလျှင် သုံးသိန်းကျပ်၊ ရွှေဆိုင်းအရွက်ရေ ၅၀ ပါ ရွှေဆိုင်းဝက်အား တစ်သိန်းခွဲကျပ်ဖြင့်ပါဝင်လှူဒါန်းနိုင်ကာ အာနန္ဒာမြတ်စွာဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဒီပါလင်း**

# ကျောက်တံတားမြို့နယ်၌ အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် သရုပ်ပြဆောင်ရွက်

ကျောက်တံတား ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်



ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း (ကျောက်တံတား) စကားဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပြည့်ပြည့်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးဇော်အောင်က မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုအကြောင်းရင်းများ၊ ဆိုးကျိုးများကို လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ တာဝန်ခံ ဦးသန်းထိုက်အောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍လည်းကောင်း ဟောပြောပြီး တာဝန်ခံနှင့် ဝန်ထမ်းများက အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် သရုပ်ပြဆောင်ရွက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျောက်ဆည်မြို့နယ်၌ မိုးနေကြာ ၂၇၆ ဧက စိုက်ပျိုးထားရှိပြီး နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံရေး ဆီထွက်သီးနှံအမျိုးမျိုး စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် ရဲဘော်ကြီးကျေးရွာအုပ်စုတွင် မိုးနေကြာ ၂၇၆ ဧက စိုက်ပျိုးထားရှိပြီး နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ရဲဘော်ကြီးကျေးရွာအုပ်စုမှ တောင်သူများသည် ယာမြေအများစုပိုင်ဆိုင်ကြောင်းနှင့် မိုးနေကြာအပြင် မိုးနှမ်း ၁၂၀၉ ဧက၊ ပဲတီစိမ်း ၅၆၃ ဧက၊ ပဲစင်းငုံ ၁၂၄ ဧက၊ ချည်မျှင်ရှည်ဝါ ၅၀၂ ဧက၊ ငှက်ပျော ဧက ၇၅၀၊ သရက် ၁၂ ဧက၊ လျှော်ဖြူ ဧက ၆၀၊ နံ့စားပြောင်း ၃၃ ဧက၊ ဖူးစားပြောင်း ၁၀၃ ဧက၊ ငရုတ် ၃၆ ဧက၊ ဟင်းသီး/ဟင်းရွက် ၃၇ ဧက၊ ကျွဲနွားစာ ၁၃၂ ဧကနှင့် အခြားပဲမျိုးစုံ ၅၈ ဧက စိုက်ပျိုးထားရှိပြီးဖြစ်သည်။

ကျောက်ဆည်မြို့နယ်၌ မိုးနေကြာသီးနှံများကို တိုက်နယ်(၁)တွင် ၄၇၃ ဧက၊ တိုက်နယ်(၂)တွင် ၁၇၅ ဧက၊ တိုက်နယ်(၃)တွင် ဧက ၅၀၊ တိုက်နယ်(၄)တွင် ၇၇ဧက၊ တိုက်နယ်(၅)တွင် ၁၀ ဧက၊ တိုက်နယ် (၆)တွင် ၂၇၆ ဧက၊ တိုက်နယ်(၇)တွင် ၁၀၈ ဧက၊ တိုက်နယ်(၈)တွင် ၁၁၂၄ ဧက၊ တိုက်နယ်(၁)တွင် ၄၇၃ ဧက၊ တိုက်နယ်(၉)တွင် ၄၈ ဧက၊ တိုက်နယ်(၁၀)တွင် ၁၂ ဧက၊ တိုက်နယ်(၁၁)တွင် ၆၄ ဧက၊ တိုက်နယ်(၁၂)တွင် ဧက ၁၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ပြည့်မီကျော်လွန်ရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ယူရီးယားဓာတ်မြေဩဇာနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများ တောင်သူများအား ပေးအပ်

သာယာဝတီ ဩဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများကို မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက သာယာဝတီမြို့နယ် အင်းရွာနည်းပညာဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမနှင့် ကျွဲခြံအင်း မကျီးကွင်းကျေးရွာအုပ်စုများ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဓာတ်မြေဩဇာများအား တောင်သူများသို့ ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ဝမ်ဆော့ကျေးရွာ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်မဲပေး

မိုင်းရှူး ဩဂုတ် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းလှိုင်နှင့် အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဝမ်ဆော့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နန်းဝိုခမ်းနှင့်အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်းနှင့် မဲပေးခြင်းပုံစံကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ကျေးရွာနေပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့



စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းလှူ(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## နောင်ချိုမြို့နယ်၌ အသက် (၁၅) နှစ်အောက် ကလေးများအား အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**နောင်ချို ဩဂုတ် ၃၀**

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၄ ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကွင်းဆင်း၍ ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းနှင့် အသက် ၅ နှစ်အောက်နှင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ဖြစ်ပွားနိုင်ခြေများပြီး အစုအဝေးဖြင့် နေထိုင်သောနေရာများမှ အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများမရရှိခဲ့သည့် အသက် ၁၅ နှစ်အောက် ကလေးများအား အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများ အထူးအစီအစဉ်ဖြင့် ထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်း (Special Immunization Activities)နှင့် အမီလိုက် (Big Catchup) နည်းလမ်းတို့ဖြင့် ထိုးနှံပေး၊ တိုက်ကျွေးပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၃၀ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်းပေါင်း ၇၆ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၂၁၇၈ ဦးအား ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက် ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၁၈၁၆ ဦးအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အသက် ၅ နှစ် အောက်နှင့် အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများ မရရှိခဲ့သည့် အသက် ၁၅ နှစ်အောက် ကလေး ၂၈၁၂ ဦးအား လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့နယ်အတွင်းရှိ ရေကြီးရေလျှံသည့်ကျေးရွာများ၌ကူညီဆောင်ရွက်ပေး

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦး ဦးဆောင်၍ နေပြည်တော်ရဲတပ်ဖွဲ့မှ အင်အား ၁၀၀၊ မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ၅၀ တို့ဖြင့် ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ တပ်ကုန်းမြို့အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် မန်ကျည်းပင်ကျေးရွာ ချောင်းဝတံတားအတွင်း ပိတ်ဆို့လျက်ရှိသည့် သစ်တုံး၊ အမှိုက်သရိုက်များအား ရှင်းလင်းဖယ်ရှားခြင်း၊ ရွှေးစုမြောက်ရွာအတွင်းရှိ နဝင်းချောင်းတံတားအတွင်း ပိတ်ဆို့နေသည့် သစ်တုံး၊ အမှိုက်သရိုက်များအား ကျေးရွာများအတွင်း ရေဝင်ရောက်မှု မရှိစေရေး ဖယ်ရှားရှင်းလင်းခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ကိုမျိုး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "ခုံန ခုံန" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဟွေထမ်ကျေးရွာနေ အိုက်ဝန်း(ခ)အိုက်အွန်အား နံနက် ၁၀ နာရီခွဲတွင် မိုင်းယောင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖြူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့၌ တရားမဝင်အခြားသစ် ၂ ဒသမ ၉၁၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၀၀၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ သနပ်ပင်မြို့ မြို့အဝင်ဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Rosa မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၂၉၀၀၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (နွားပေါက်)စစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ စက်ဆီ/ချောဆီ ဂါလန် ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ သာစည်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၈ ဒသမ ၂၀၇ တန်၊ သစ်မာ ၁၆ ဒသမ ၈၁၀ တန်၊ အခြားသစ် ၅၄ ဒသမ ၀၂၃ တန်နှင့် အဆိုပါသစ်များတင်ဆောင်ထားသည့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၄၂၈၉၄၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၇၈၈၉၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကြံခင်းမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၀ ဒသမ ၃၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၃၄၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၃၄၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၁၈၅၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်နိုင်ငံသားခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၅ မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၃၂၀၀)ကို လည်းကောင်း၊ ရန်ကုန်လေဆိပ် ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် စိန်ဟု ယူဆရသော Synthetic Stones ၀ ဒသမ ၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၉၃၈၅)ကို လည်းကောင်း၊ ရွှာငံခရိုင် မြို့ကြီးအနီး၌ မော်တော်ယာဉ်ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

လူသုံးကုန်ပစ္စည်း ၇၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၃၄၉၀၉၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck သုံးစီး၊ Nissan Diesel Truck နှစ်စီး၊ Nissan UD Truck တစ်စီး၊ Shacman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၆၃၈၈၅၃၅)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၇၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၇၇၆၉၉၉၃၅၅) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၁ နှင့်-၅ )
### ပြင်ဦးလွင်မြို့နယ် တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈

| | | |
|---|---|---|
| ဒေါ်တင်နီလာစန်း (တရားလို) | နှင့် | ဦးစိုးကျော်ဝင်း (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ တိုက်နံပါတ်(၇၈၈)၊ နေဦးစိုးကျော်ဝင်း (ဘ)ဦးဌေးကျော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်နီလာစန်းက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးသော်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး



### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အထက-ဇလဲ မှ အထက်တန်းပြဆရာမ ဒေါ်ငြိမ်းငြိမ်းစိုး ၁၃/တကန(နိုင်)၂၅၅၅၉၂ ၏ဖခင် ဦးကြည်စိုး(ခ) ဦးမြသောင်း မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။



### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ် အထက-ဇလဲမှ စာကူးစက်လှည့်ဝန်ထမ်း ဒေါ်ပန်းအိစံ ၁၃/တကန(နိုင်)၃၀၈၂၇၃ ၏ ဖခင် ဦးသန်းနိုင်(ခ) ဦးထွန်းထွန်းဦး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက် အမှတ်-၄၊ မြေကွက်အမှတ် (၈၅ခ) ဟုခေါ်တွင်သော ဦးမောင်မောင် အမည်ပေါက်လျက်ရှိသော အလျား(၂၀)ပေ x အနံ(၆၀)ပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၅/ခ)၊ မြို့မ(၁၄)လမ်း၊ (၄/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ် ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ နေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဒေါ်စုသဥ္ဇာဟန် ၁၂/သကတ(နိုင်)၁၅၉၆၈၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနှင်းဦး ၇/ကတခ(ညေ့)၀၀၀၂၅၄ က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်နိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၄၇)**
**LL.B.,DBL., DIPL.,DL-101 (WIPO)**
**အမှတ်(၄၀၁/၅)၊ ၁၅၄-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉ -၇၉၆၂၈၂၀၄၄**



### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက် အမှတ်(၅၈၂)၊ ဦးပိုင်အမှတ် (၁၃)၊ ၈၀x၈၀ကြား၊ ၃၀x၃၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဝင်းမောင်(ခ)ဝမ်ရန်ကျို ၉/မရမ(နိုင်)၀၈၇၈၅၃၊ ဦးကျော်နိုင်ဝင်း ၉/မရမ(နိုင်)၀၉၂၅၅၁ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ


**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
### (ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ် လ ၃၁ ရက်)

၁။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၇၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၇၃၆၃၆၂) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၇၃၆၃.၆၂၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၅၁၅၄.၅၃၄**) ဖြစ်ပါသည်။ (၇၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၆၆၂**)အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၅၁၅၅.၁၉၆**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | |
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | |
| (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၇) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၇) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | |
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၃၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၅၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု** | | | |
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ (၂၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၇၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၉-၂၀၂၅) ရက်နေ့ (တနင်္လာနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၂၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆု ထီဖွင့်ပွဲကို မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ဆင့်မအကြိမ် MBC Professional Boxingခြောက်ချီ ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

Myanmar Boxing Commission(MBC) မှ ကျင်းပသော Professional Boxing Matches-6 ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၌ ခြောက်ချီပြိုင်ပွဲတွင် ၅၂ ကီလိုတန်းတွင် ရဲရင့်နှင့် ရှိုင်းထက်ဦးတို့ အချီပြည့် လက်ရည်တူကြကာ ဒိုင်အဆုံးအဖြတ်ဖြင့် ရဲရင့်အနိုင်ရရှိသွားပြီး ၅၂ ကီလိုတန်းတွင် ရဲမိုးအောင်နှင့် ဖြိုးသူအောင်တို့ ပြိုင်ပွဲ၌လည်း ဒိုင်အဆုံးအဖြတ်ဖြင့် ရဲမိုးအောင် အနိုင်ရရှိသွားသည်။

ထို့ပြင် ၅၇ ကီလိုတန်း၌ ဟိန်းထွဋ်အောင်နှင့် ကျော်ရဲလင်းတို့ပြိုင်ပွဲတွင် ဒိုင်အဆုံးအဖြတ်ဖြင့် ဟိန်းထွဋ်အောင်ကလည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ရေမွန်ဒိုက ကောင်းထက်ကို ဒိုင်အဆုံးအဖြတ်ဖြင့်လည်းကောင်း၊ ၆၃ ကီလိုတန်း၌ သီဟအောင်က မင်းခန့်သူကို ဒိုင်အဆုံးအဖြတ်ဖြင့် လည်းကောင်း၊ ၅၇ ကီလိုတန်း၌ ဇော်ဇော်နိုင်ကို စောလင်းအောင်က ဒိုင်အဆုံးအဖြတ်ဖြင့် အသီးသီးအနိုင်ရရှိသွားကြသည်။

**အာကာစိုး**



၅၇ ကီလိုတန်းတွင် ဟိန်းထွဋ်အောင်နှင့် ကျော်ရဲလင်း ယှဉ်ပြိုင်စဉ်။

## “ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း”

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ( က ) ရပ်ကွက်၊ အကွက်အမှတ် (လ-၁၀/၉၇) ရှိ IT STAR COMPANY LIMITED မန်နေဂျင်း ဒါရိုက်တာဖြစ်သူ **ဦးသော်တာမြင့်အောင်** (ဘ) ဦးမြင့်အောင်၊ ၉/ပကခ (နိုင်) ၀၀၈၉၈၁ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ai POS
Amazing Insight

**မှတ်ပုံတင် စာချုပ်အမှတ် (၁၅၀၄/ ၂၀၂၅)**

အထက်တွင်ဖော်ပြထားသော **“ai POS”** Amazing Insight ကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်၏ မိတ်ဆွေကုမ္ပဏီမှ မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ကုန်အမှတ်တံဆိပ်မှတ်ပုံတင် မြွက်ဟ ကြေညာ စာတမ်းစာချုပ် မှတ်ပုံတင်အမှတ် (၁၅၀၄/ ၂၀၂၅) အရ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေမှ အဆိုပါ ကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး “ကွန်ပျူတာဆော့ဖ်ဝဲလ် (လက်လီလက္ကားဆိုင်များအတွက် အသုံးပြုရန်) **“ai POS”** Amazing Insight ကို တီထွင် ဖြန့်ဖြူးရောင်းချလျက်ရှိရာ လူအများယုံကြည်စွာဖြင့် အားပေးလျက်ရှိပါသည်။

